# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၂)၊ အမှတ် (၆၁)


| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး |

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)





## တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာကော်မတီ အစည်းအဝေးဖွင့် ပေကျင်းကြေညာစာတမ်း တိုးတက်မှုအစီရင်ခံစာများ ဖတ်ကြားတင်ပြ

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲ တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် Grand Ballroom ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ■



မန္တလေးတိုင်း ညောင်ဦးမြို့နယ် အုန္နဲချောင်းကျေးရွာအနီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တာဝန်ယူတည်ဆောက် ပေးထားသော ငါ့သရောက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ဧရာဝတီမြစ်မှတစ်ဆင့် ရေပိုက်များဖြင့် ပင်မမြောင်းသို့ နိုဝင်ဘာ ၂၂ ရက်က မြစ်ရေများ ဤသို့စုပ်တင်ပေးလျက်ရှိသည်ကို တွေ့ရသည်။ **(သတင်းဆောင်းပါး–ကျော်ဖုံး)** ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

### မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

❑ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အမျိုးသားရေးအင်အားစုဖြစ်သည့် မြန်မာအင်ဂျင်နီယာများစွမ်းပကားဖြင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက်ပေးနိုင်ခဲ့။

ခေါင်းကြီး(စာ-၂)

❑ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများအပါအဝင် ဒေသအတွင်း နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ရေးကို အရှိန်မပျက် ဆက်လက်ကျင့်သုံး အကောင်အထည်ဖော်သွားမည်။

အောင်မိုးစံ၏ ဆောင်းပါး(စာ-၃)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

# ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး မြန်မာအင်ဂျင်နီယာများ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာအလယ်၌ ထည်ထည်ဝါဝါ ရပ်တည်နိုင်ရေးအတွက် နိုင်ငံသူနိုင်ငံသား အသိပညာရှင် အတတ်ပညာရှင်များ၏ စွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်လျက် ရှိသည်။

ယင်းသို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အဓိကပါဝင်စွမ်းဆောင်ပေးနေသည့် အမျိုးသားရေးစွမ်းအားစုများကို ကဏ္ဍအလိုက် ကျစ်လျစ်ခိုင်မာစွာ စုစည်းပြီး နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်အကောင်အထည်ဖော်လျက် ရှိသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံကျင်းပရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၂၈ရက်နေ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်ဆွေးနွေးမှာကြားရာ၌-

**"နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေး ဘဝ တောင့်တင်းခိုင်မာရေးနှင့် ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေး တို့အတွက် မရှိမဖြစ်သည့် အခြေခံလိုအပ်ချက်များဖြစ်သော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ၊ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံ အဆောက်အအုံများကို မြန်မာအင်ဂျင်နီယာများ၊ မြန်မာဗိသုကာ ပညာရှင်များ၏ စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း"** ပြောကြားသွားသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးသည် နိုင်ငံတော်၏ အားပေးချီးမြှောက်မှုဖြင့် ယနေ့ အချိန်အခါတွင် အမျိုးသားရေးစွမ်းအားစုအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိသည်။ နိုင်ငံ့ဝန်ထမ်းများနှင့် ပြင်ပအင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ အင်ဂျင်နီယာ ကျောင်းသူကျောင်းသားများအပါအဝင် အသင်းသားပေါင်း ၇၀၀၀ကျော်ကို စုစည်းထားသည့် အမျိုးသားရေးအင်အားစုအဖြစ်ရပ်တည်ကာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက် ရှိကြသည်။

ယနေ့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အမျိုးသားရေးအင်အားစုဖြစ်သည့် မြန်မာ အင်ဂျင်နီယာများ စွမ်းပကားဖြင့် ပေ ၁၈၀ နှင့်အထက် တံတားကြီး ၁၇၆စင်း၊ ဆည်မြောင်းတာတမံ အသစ် ၁၆၇ခု၊ မြစ်ရေတင်စီမံကိန်းလုပ်ငန်း ၂၇၁ခု အပါအဝင် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက်ပေးနိုင်ခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသင်းသို့ ဝင်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးသည် အခြားသော လူမှုရေးအသင်းအဖွဲ့များနည်းတူ အာဆီယံနိုင်ငံအင်ဂျင်နီယာ အသင်းများ အဖွဲ့ချုပ်တွင် တက်ကြွစွာ ပါဝင်လှုပ်ရှား ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ထည်ထည်ရပ်တည် ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် ခိုင်ခိုင်မာမာ စုစည်းတည်ရှိပြီး ဖြစ်သော အမျိုးသားရေးစွမ်းအားစုတစ်ရပ်ဖြစ်သည့် မြန်မာအင်ဂျင်နီယာများသည် နိုင်ငံတော် တည် ဆောက်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ အင်တိုက်အားတိုက် ဆက်လက်ပါဝင် ဆောင်ရွက် သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၃၀-၁၁-၂၀၀၄
(အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Study of Mediate Inference I (ပထမနှစ်-ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာအထူးပြု)
- ၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကြယ်တစ်ပွင့်ရဲ့ ဒိုင်ယာရီ"** (အပိုင်း-၂)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ မြန်မာ့ရှုခင်း
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်ဓား"** (အပိုင်း-၂၆)

## ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



**စမ်းချောင်းမြို့နယ် အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီး ဘုရားကြီး(၁၄)ကြိမ်မြောက် ဖယောင်းအလင်း ရောင် ၉၉၉၉ပူဇော်ပွဲကို ဂေါပကအဖွဲ့နှင့်ဘာသာရေးအသင်းများစုပေါင်း၍ တန်ဆောင်မုန်းလပြည့်ညက ရင်ပြင်တော်ပေါ်တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလင်းနှင့်အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ စုပေါင်း၍ ပူဇော်ဖွင့်လှစ်ပေးစဉ်။** (၁၂၉)

## ဒုတိယဝန်ကြီး ဒေါက်တာမြဦး ခေါင်းဆောင်သည့် ကျန်းမာရေးကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၉

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ခေါင်းဆောင်သည့် ကျန်းမာရေးကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင် အာရှဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု ကြိုတင်ကာကွယ်ရေးနှင့် ကုသရေး ဆိုင်ရာလုပ်ငန်းများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နိုဝင်ဘာ ၂၇ရက် ညနေပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီး ဖြင့် ပြန်လည်ရောက်ရှိသည်။**

### ကြိုဆို

ဒုတိယဝန်ကြီးနှင့် အဖွဲ့အား ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ကျော်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။

### ပြန်လည်လိုက်ပါလာ

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြသော ကျန်းမာ ရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ရောဂါနှိမ်နင်းရေး)ဒေါက်တာကျော်ညွှန့်စိန်၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး(သုတေသန)ဒေါက်တာ ကျော်မိုးနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနမှ ညွှန်ကြားရေးမှူးဦးသန်းလှတို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**သဃ်ံန်းကျွန်းမြို့နယ်ဇ/တောင် ရပ်ကွက် (၇) ကြိမ်မြောက်တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် စတုဒိသာနိဗ္ဗာန်ဈေးပွဲတော် ဖွင့်ပွဲကို နိုဝင်ဘာ ၂၆ ရက်က ရပ်ကွက်ရုံးရှေ့တွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးကြည်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (က-ပ)

# ခိုင်မြဲတိုးတက်လျက်ရှိသော မြန်မာ–တရုတ်ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး

**အောင်မိုးစံ**

ဒီကနေ့ တစ်ကမ္ဘာလုံးလိုလို ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီထူထောင်ရေးသို့ ပြောင်းလဲလာချိန် ဖြစ်ပါတယ်။ အဲဒီလို ပြောင်းလဲရာတွင် စီးပွားရေးကုန်လုပ်စွမ်းအားစုတွေရဲ့ ဖြစ်ပေါ်တိုးတက်မှုဟာ လူ့အဖွဲ့အစည်း ရှေ့တန်းတက်လှမ်းရေးရဲ့ အဆင့်အတန်းအမြင့်ဆုံးသော မှတ်ကျောက်ဖြစ်တယ်ဆိုတဲ့ ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒတရားနဲ့အညီ ကြိုးပမ်းလာကြရတာဖြစ်ပါတယ်။ အပေါ်ထပ်နိုင်ငံရေး တစ်ခုတည်းကို ပြောင်းလဲရုံနဲ့ ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်မလာနိုင်တဲ့အတွက် ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံဟာ မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်ကို အကောင်အထည်ဖော်နေချိန် ဖြစ်ပါတယ်။ အခုလို အချိန်အခါမျိုးတွင် မြန်မာနိုင်ငံအဖို့ စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာရေးအတွက် အာဆီယံနိုင်ငံချင်းသာမက အိမ်နီးချင်းနိုင်ငံများနဲ့ပါ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသအတွင်း တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

နိုဝင်ဘာ၂ရက်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရရဲ့ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်တွင် ကျင်းပမည့် တရုတ်–အာဆီယံ စီးပွားရေးနဲ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့မှ နန်နင်းမြို့သို့ ထွက်ခွာသွားခဲ့ကြပြီး နိုဝင်ဘာလ ၅ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဌာနဆိုင်ရာအကြီးအကဲများနဲ့ တာဝန်ရှိသူများ လိုက်ပါသွားခဲ့ကြပါတယ်။

ခရီးစဉ်အတွင်း ၅–၁၁–၂၀၀၄ ရက် ညနေ ၄နာရီအချိန်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ Ming Yuan Hotel သို့သွားရောက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီအား တွေ့ဆုံနှုတ်ဆက်ပါတယ်။ အဲဒီလိုတွေ့ဆုံရာတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီတို့ဟာ နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ကုန်သွယ်မှု ပမာဏတိုးမြှင့်ရေး၊ မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

**နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ၏ အခြေအနေမှာ တည်ငြိမ်အေးချမ်းလျက်ရှိပြီး တိုးတက်အောင်မြင်မှုများ ရရှိလျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား မွန်မြတ်သည့်အစဉ်အလာ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဘက်စုံပိုမိုမြင့်မားလာအောင် ဦးတည်လုပ်ကိုင် ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ တရုတ်နိုင်ငံတစ်နိုင်ငံတည်း မူဝါဒကို မိမိတို့မြန်မာနိုင်ငံက အမြဲကျင့်သုံးသွားမှာ ဖြစ်ကြောင်း။**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က **"တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံနှင့် အစဉ်အလာ ချစ်ကြည်ရင်းနှီးမှုကို အထူးအလေးထားသကဲ့သို့ မြန်မာနိုင်ငံက တရုတ်နိုင်ငံတစ်နိုင်ငံတည်း မူဝါဒကို အစဉ်အမြဲကျင့်သုံးထောက်ခံလျက်ရှိသည်ကို အမြဲသတိရ ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးပြဿနာများကို မြန်မာပြည်သူများကသာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်ပနိုင်ငံများက ဖိအားပေးအကျပ်ကိုင်၍ မရနိုင်ကြောင်း၊ တရုတ်ပြည်သည် မြန်မာနိုင်ငံ၏ မိတ်ဆွေရင်းနိုင်ငံအဖြစ် အမြဲရပ်တည်မည်ဖြစ်ကြောင်း"** ရှင်းလင်းပြောကြားပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းကလည်း **"နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ၏ အခြေအနေမှာ တည်ငြိမ်အေးချမ်းလျက်ရှိပြီး တိုးတက်အောင်မြင်မှုများ ရရှိလျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား မွန်မြတ်သည့် အစဉ်အလာ၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဘက်စုံပိုမိုမြင့်မားလာအောင် ဦးတည်လုပ်ကိုင်ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ တရုတ်နိုင်ငံတစ်နိုင်ငံတည်း မူဝါဒကို မိမိတို့ မြန်မာနိုင်ငံက အမြဲကျင့်သုံးသွားမှာဖြစ်ကြောင်း၊ နိုင်ငံတကာ နယ်ပယ်မှာရော ဒေသတွင်းမှာပါ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် နားလည်မှု၊ အားပေးထောက်ခံမှုများ ပြုလုပ်လျက်ရှိသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း"** ပြောကြားပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းဟာ ညနေ ၄း၄၅နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ Majestic Hotel သို့ သွားရောက်ပြီး နန်နင်းမြို့တွင် ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်ကို တွေ့ဆုံပါတယ်။ အဲဒီလိုတွေ့ဆုံညှိနှိုင်းဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက **"အိမ်နီးချင်းနိုင်ငံများ အာဆီယံနိုင်ငံများအပါအဝင် ဒေသအတွင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ရေးကို အရှိန်မပျက် ဆက်လက်ကျင့်သုံး အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း"** ပြောကြားပါတယ်။ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်ကလဲ **"လာအိုနိုင်ငံ၌ မကြာမီ လက်ခံကျင်းပမည့် အာဆီယံထိပ်သီး အစည်းအဝေးကိုလဲ အောင်မြင်စွာ ကျင်းပနိုင်မည်ဟု ယုံကြည်ကြောင်း၊ လာအိုနိုင်ငံ၌ကျင်းပတော့မည့် အာဆီယံ ထိပ်သီးအစည်းအဝေးအတွက် အိမ်ရှင်နိုင်ငံအနေဖြင့် ပြင်ဆင်ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ယင်းအစည်းအဝေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီ အထောက်အကူပြုသည့် မြန်မာနိုင်ငံကို ကျေးဇူးတင်ရှိပါကြောင်း"** ပြောကြားခဲ့ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်ကို နိုဝင်ဘာလ ၃ရက် နံနက် ၁၁း၁၅နာရီတွင် နန်နင်းမြို့ရှိ Ming Yuan Hotel သို့ သွားရောက်တွေ့ဆုံ နှုတ်ဆက်ပါတယ်။ အဲဒီလိုတွေ့ဆုံရာတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ်က **"မိမိတို့ နှစ်နိုင်ငံသည် အပြန်အလှန် လေးစားမှု၊ နားလည်မှု၊ စာနာမှု အခြေခံသဘောထားများဖြင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိကြသည့် မိတ်ဆွေရင်းချာ နိုင်ငံများဖြစ်ကြောင်း၊ ရောဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ(ACMECS) အဖွဲ့ဝင်လေးနိုင်ငံ၏ ထိပ်သီးအစည်းအဝေးသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်း၏ အကျိုးကိုသာမက ဒေသ၏ အကျိုးစီးပွားကိုပါ ဖော်ဆောင်နိုင်ပါကြောင်း၊ အစဉ်အလာ ရင်းနှီးချစ်ခင်မှုရှိပြီးဖြစ်သည့် မိမိတို့နှစ်နိုင်ငံသည် ရှေ့တွင်လဲ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုများကို အခြေခံ၍ အာဆီယံအဖွဲ့ကြီး အပါအဝင် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ တိုးတက်အောင်မြင်ရေးကို ပိုမိုပူးပေါင်း သယ်ပိုးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ မကြာမီက ကျင်းပပြီးစီးခဲ့သည့် အာရှ–ဥရောပ ထိပ်သီးညီလာခံ(ASEM)၌ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရပ်တည်ခဲ့ကြသဖြင့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့်အတူ မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံအဖြစ် တစ်ပြိုင်တည်း ရပ်တည်လာနိုင်ခဲ့ကြောင်း၊ အာရှ–ဥရောပညီလာခံ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးကို အဆင့်အတန်း မခွဲခြားဘဲ တန်းတူရည်တူလက်ခံရန် မိမိတို့နိုင်ငံက စဉ်ဆက်မပြတ် တိုက်တွန်းရပ်တည်ခဲ့ပါကြောင်း"** ပြောကြားခဲ့ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကလဲ **"မိမိတို့နှစ်နိုင်ငံချင်း ဆက်ဆံရေးမှာရော ဒေသအတွင်းနှင့် နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်များမှာပါ မိမိတို့ နှစ်နိုင်ငံအနေဖြင့် နိုင်ငံရေးနှင့် သံတမန်ရေးအရ နီးကပ်စွာ ယခုကဲ့သို့ပင် ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း"** ပြောကြားပါတယ်။

ဒီနောက် နိုဝင်ဘာလ ၃ရက် ညနေ ၃ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့မှာကျင်းပတဲ့ တရုတ်–အာဆီယံ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက် မိန့်ခွန်း ပြောကြားရာတွင် **"ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများအနေဖြင့် လွတ်လပ်စွာကုန်သွယ်မှုကို ထောက်ခံပါသည်ဟုပင် ပြောကြားကြသော်လည်း ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒကို ဆက်လက်ကျင့်သုံးဆဲဖြစ်ခြင်းကြောင့် မိမိတို့အနေဖြင့် ဒေသတွင်း ပေါင်းစည်းရေးရရှိစေရန် ပိုမိုအရေးတကြီး လိုအပ်လျက်ရှိကြောင်း၊ ယနေ့ မိမိတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ယှဉ်ပြိုင်ကျော်လွှားနိုင်ရန် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသနှစ်ခု ပေါင်းစည်းခြင်းဖြင့် ကမ္ဘာ့လူဦးရေသုံးပုံတစ်ပုံခန့်ဖြစ်သည့် စားသုံးသူပေါင်း သန်း ၁၇၀၀ရှိသော ဈေးကွက်တစ်ခု ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ မိမိတို့အားလုံး ပိုင်ဆိုင်သည့် သဘာဝအရင်းအမြစ်နှင့် လူသားအရင်းအမြစ်များက ကြီးမားသည့်ဈေးကွက်ကို ဖန်တီးနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာ–တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုမှာ တိုးတက်လျက်ရှိပြီး ၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ဘီလီယံအထိ တိုးမြှင့်ရန် မိမိတို့ သဘောတူထားကြောင်း၊ ရေလမ်းကြောင်းမှာသာမက ကုန်းလမ်းကြောင်းမှာပါ ကုန်သွယ်မှုကို စနစ်တကျဖွံ့ဖြိုးအောင် ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားသွားခဲ့ပါတယ်။

ယခင် ကွာလာလမ်ပူမြို့မှာ ကျင်းပခဲ့တဲ့ စီးပွားရေးဝန်ကြီးများအစည်းအဝေးနဲ့ တစ်ချိန်တည်းဆိုသလိုပဲ သြဂုတ်လ ၁၀ရက်နေ့က ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ပစိဖိတ်ချိုင့်ဝှမ်းဒေသ ဘဏ္ဍာရေး၊ စီးပွားရေး စာရင်းအင်းနဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာ (၁၂)ကြိမ်မြောက် နှစ်ပတ်လည် ကွန်ဖရင့်တစ်ရပ် ကျင်းပခဲ့ပါတယ်။ အဲဒီကွန်ဖရင့်မှာ ထိုင်းအမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဥက္ကဋ္ဌ ထိုင်းနိုင်ငံတကာလေကြောင်းလိုင်း (Thai Airways International) ရဲ့ ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဟောင်း သာနွန်ဘီဒါယာရဲ့ ဆွေးနွေး တင်ပြချက်ဟာ စိတ်ဝင်စားစရာကောင်းကြောင်း တွေ့ရှိရပါတယ်။ **"အာရှတိုက်ရှိ နိုင်ငံများအနေနဲ့ ဒုတိယကမ္ဘာစစ်အပြီး ရင်းနှီးစွာ စီးပွားရေး ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ ဥရောပရဲ့ အတွေ့အကြုံများကို နမူနာယူသင့်ပါတယ်။ ဒုတိယ ကမ္ဘာစစ်အပြီး အချိန်ကြာမြင့်စွာ ဆက်ဆံရေးယိုယွင်းပျက်ပြားမှုကို ဥရောပနိုင်ငံများဟာ ကျော်လွှားနိုင်ခဲ့တဲ့အပြင် တဖြည်းဖြည်းနဲ့ ယနေ့တွေ့မြင်နေရတဲ့ ဥရောပသမဂ္ဂ (European Union)ကို ဖန်တီးတည်ဆောက်ခဲ့ခြင်းပါ။ အာရှမှာ စီးပွားရေးအင်အား ခိုင်မာတောင့်တင်းတဲ့ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနိုင်ငံတို့ဟာ စီးပွားရေးကောင်းမွန်အောင် ထောက်ကူပံ့ပိုးရေးမှာ ဦးဆောင်တဲ့ အခန်းကဏ္ဍမှာ ပါဝင်သင့်ပါတယ်။ စည်းလုံးညီညွတ်မှု တည်ဆောက်ခြင်းဆိုတာဟာ အပြောလွယ်သလောက် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါ အခက်အခဲများစွာ တွေ့ကြုံရင်ဆိုင်ရတတ်လေ့ရှိသော်လဲ အာရှဆိုတဲ့ ဂုဏ်သိက္ခာမြင့်မားစေရေးအတွက် အာရှမှတာဝန်ရှိသူများ ဆတက်ထမ်းပိုး တိုးပြီး ကြိုးပမ်းအားထုတ်ကြလိမ့်မယ်လို့ မျှော်လင့်နေပါကြောင်း"** ဖြင့် ဆွေးနွေးတင်ပြခဲ့ပါတယ်။ ဂျပန်နဲ့ အရှေ့တောင်အာရှနိုင်ငံများ အသင်း(အာဆီယံ) စီးပွားရေးခေါင်းဆောင်များဟာလဲ တရုတ်နဲ့ တောင်ကိုရီးယားအပါအဝင် အရှေ့အာရှစီးပွားရေး အသိုက်အဝန်းတစ်ရပ် ထူထောင်ရေးကို တိုကျိုမြို့တွင် နှစ်ပတ်လည်ပြုလုပ် စည်းဝေးကြစဉ် ဆော်သြခဲ့ပါတယ်။

အဲဒီလို ဆော်သြသတင်းထုတ်ပြန်ချက်ဟာ တိုကျိုမြို့တွင် အကြိမ်(၃၀)မြောက် အာဆီယံ–ဂျပန်စီးပွားရေးဆိုင်ရာ အစည်းအဝေးသုံးရက်ကြာ ကျင်းပပြီးနောက် ပူးတွဲထုတ်ပြန်ခဲ့ခြင်း ဖြစ်တယ်။ အာဆီယံနဲ့ ဂျပန်စီးပွားရေးသမားများဟာ တရုတ်–တောင်ကိုရီးယားတို့နဲ့အတူ အနီးကပ်စီးပွားရေး ဆက်ဆံမှုများရှိပြီး အရှေ့အာရှနိုင်ငံများ အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အီးအေအီးစီနိုင်ငံများကို စီးပွားရေးတိုးတက်မှုများ ဆောင်ကြဉ်းပေးလိမ့်မယ်လို့ ယုံကြည်ကြောင်း အဲဒီပူးတွဲကြေညာချက်မှာ ဖော်ပြထားပါတယ်။

ဒီကနေ့လို ဒေသဆိုင်ရာ ဈေးကွက်စီးပွားရေးဖွံ့ဖြိုးလာနေမှုနဲ့အတူ ဒေသဆိုင်ရာ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးခေတ်သစ်ကို ရောက်လာမယ် ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ တရုတ်ပြည်သူ့သမ္မတ နိုင်ငံခရီးစဉ်ဟာ ခိုင်မြဲတိုးတက်လျက်ရှိသော မြန်မာ–တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံပြည်သူတို့ ဖွံ့ဖြိုးတိုးတက်ရေး ခရီးစဉ်ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။



## ပေးအပ်လှူဒါန်း

**ကိုယ်ပွား သတင်းစာတိုက် ကျိုင်းတုံမြို့မှ ဗိုလ်ကြီးသန်းလင်းဦး (ငြိမ်း)နှင့် မသက်နီမြင့်တို့၏ မင်္ဂလာဦး အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးအတွက် ကျပ်ငွေငါးသောင်း ပေးအပ်လှူဒါန်းစဉ်။** (နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့လည်း ငွေကျပ်ငါးသောင်း လှူဒါန်းကြောင်း သိရသည်။) (က–ပ)

## ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးနှင့် သန်မြန်သူမိသားစု စုပေါင်းဘုံကထိန်ဆက်ကပ်

ရန်ကုန် နိုဝင်ဘာ ၂၉

**ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးနှင့် သန်မြန်သူမိသားစုများ၏ အဌမအကြိမ် စုပေါင်းဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ မြောက်ဥက္ကလာပမြို့နယ် သီဂီဦးကျောင်းတိုက် တိုင်းသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသဒ္ဓမ္မထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော်ကြီးနှင့်သံဃာတော်များအား ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် သန်မြန်သူမိသားစုဝင်များက ကထိန်လျာသင်္ကန်းကို ဆက်ကပ်ကြသည်။ ထို့နောက် ကြွရောက်လာကြသော ဧည့်သည်များက တိုင်းသံဃာ့ဝန်ဆောင်ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# အာဆီယံအသိုက်အဝန်းတွင် ၁၀နှစ်အတွင်း လွတ်လပ်သော ကုန်သွယ်ရေးဒေသထူထောင်မည်

ဗီယင်ကျန်း နိုဝင်ဘာ ၂၈

**အာဆီယံအသိုက်အဝန်းတွင် လွတ်လပ်သော ကုန်သွယ်ရေးဒေသတစ်ခုကို ၁၀နှစ်အတွင်း ထူထောင်ရန် မှတ်တမ်းတင်နိုင်ခြင်းကို ဗီယင်ကျန်းမြို့၌ စနေနေ့ကပြုလုပ်သော အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ)၏ နိုင်ငံခြားရေးဝန်ကြီးများနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ အစည်းအဝေးက ကြိုဆိုခဲ့ကြောင်း(၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ယောင်ချန်သာလန်စီက သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် ပြောကြားသည်။**

ယင်းကဲ့သို့ ချစ်ကြည်ရင်းနှီးစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက်မည့် အာဆီယံအသိုက်အဝန်းတွင် ၁၀နှစ်အတွင်း လွတ်လပ်သော ကုန်သွယ်ရေးဒေသ ထူထောင်ခြင်းဆိုင်ရာ ပူးတွဲကြေညာချက်ကို နိုဝင်ဘာ ၃၀ရက်၌ပြုလုပ်သည့် အာဆီယံနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ထိပ်သီးအစည်းအဝေးကလည်း သဘောတူလက်ခံမည် ဖြစ်သည်။

## ကြိုဆိုခဲ့

အာဆီယံနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ဝန်ကြီးအဆင့် တွေ့ဆုံ ဆွေးနွေးပွဲအတွင်း တောင်ကိုရီးယားနိုင်ငံ၏ အရှေ့တောင်အာရှတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို တစ်ဆင့်ထပ်မံ တိုးမြှင့်လိုက်သည့် အဆိုပါ ဆုံးဖြတ်ချက်အပေါ် အာဆီယံနိုင်ငံများက ကြိုဆိုခဲ့ကြကြောင်း လာအို နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းဌာန ညွှန်ကြားရေးမှူးလည်းဖြစ်ပြီး အာဆီယံထိပ်သီးအစည်းအဝေး၏ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်လည်းဖြစ်သည့် မစ္စတာယောင်က စနေနေ့တွင် ပြောကြားသည်။

## မျှော်လင့်

အာဆီယံနိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်မှု ကွာဟနေသည်ကို ကျဉ်းမြောင်းသွားစေရန်နှင့် စီးပွားရေးတန်းတူညီမျှဖြစ်စေရေးအတွက် တောင်ကိုရီးယားနိုင်ငံ၏ အထောက်အပံ့ကို အာဆီယံက မျှော်လင့်ထားသည်။

## ဆွေးနွေး

၂၀၀၃ခုနှစ်အကုန်တွင် အာဆီယံဒေသ၌ တောင်ကိုရီးယားနိုင်ငံက (အမေရိကန်ဒေါ်လာ ၁၁ဘီလီယံ) ရင်းနှီးမြှုပ်နှံရေးကိုလည်း အဆိုပါ ဝန်ကြီးအဆင့် အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးခဲ့သည်။ **အမ်အင်အေ၊ ဆင်ဟွာ**



**မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ပီထရိုနပ်စ် အမြွှာမျှော်စင်ကြီးကို တွေ့ရစဉ်။** (ယင်း မျှော်စင်ကြီးသည် ၂၀၀၄ ခုနှစ်အတွက် ဗိသုကာဆုရရှိကြောင်း သိရသည်။)

**(ဓာတ်ပုံ-အင်တာနက်)**

# ဂျပန်နှင့် အာဆီယံထိပ်တန်း ခေါင်းဆောင်များ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကြေညာချက်ထုတ်ပြန်မည်

**တိုကျို နိုဝင်ဘာ ၂၈**

ဂျပန်နှင့် အာရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ထိပ်တန်းခေါင်းဆောင်များသည် ယင်းတို့၏ ရဲတပ်ဖွဲ့ဝင်များအကြား အကြမ်းဖက်မှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်ရေးမူကြမ်းကို လာအိုနိုင်ငံ၌ လာမည့်သီတင်းပတ်တွင် ကြိုးပမ်းဆောင်ရွက် ကြမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပြောကြားသည်။

## ကျင်းပမည်

ဂျပန်နိုင်ငံနှင့် အာဆီယံ(၁၀) နိုင်ငံသည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တော်၌ ယင်းတို့၏ နှစ်ပတ်လည် ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်လိမ့်မည်ဖြစ်ကြောင်း၊ ယင်းထိပ်သီးအစည်း အဝေးသည် အင်္ဂါနေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

## သဘောတူညီ

ဆင်ဟွာမှရရှိသော မူကြမ်းကြေညာချက်တွင် အဆိုပါနိုင်ငံများသည် ယင်းတို့၏ ရဲတာဝန်ရှိသူများအကြား အကြမ်းဖက်မှုတိုက်ဖျက်ရေးရလဒ်များကို ဆွေးနွေးရန် နှစ်ပတ်လည်အလုပ်ရုံ ဆွေးနွေးပွဲကျင်းပရေး သဘောတူညီထားကြောင်း၊ အကြမ်းဖက်သူများ တည်ထောင်ထားသော ရင်းမြစ်များဖယ်ရှားရှင်းလင်းရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ကြမည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ပို့ဆောင်ဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အာဆီယံ-တရုတ် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

ဗီယင်ကျန်း နိုဝင်ဘာ ၂၈

**အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံသည် ပို့ဆောင်ဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာ (အမ်အိုယူ)ကို တရုတ်နိုင်ငံနှင့် ဗီယင်ကျန်းမြို့၌ စနေနေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။**

အဆိုပါနားလည်မှုစာချွန်လွှာ (အမ်အိုယူ)ကို တရုတ်ဆက်သွယ်ရေး ဝန်ကြီးကျန်ချွန်ရှင်းနှင့် အာဆီယံတို့ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါစာချုပ်အရ အာဆီယံနှင့် တရုတ်နိုင်ငံတို့သည် အလယ်အလတ်သက်တမ်းမှ ရေရှည်သက်တမ်းအထိ ပူးပေါင်းဆောင်ရွက်မှုကို အခြေခံသော တရားဝင်ပေါင်းဖော်မှုတစ်ရပ်ရရှိကြမည်ဟု လက်မှတ်ရေးထိုး ချုပ်ဆိုသည့် အခမ်းအနားအပြီး၌ မစ္စတာကျန်က ပြောကြားသည်။

## အကျိုးဝင်

အမ်အိုယူသည် အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေး အဆင်ပြေလွယ်ကူစေမှု၊ ပင်လယ်ရေကြောင်း ပို့ဆောင်ရေး၊ ပင်လယ်ပြင်ဆိုင်ရာ အကြောင်းကိစ္စများ၊ စွမ်းအင်တည်ဆောက်ခြင်းနှင့် သတင်းပြန်ကြားချက်ခွဲဝေခြင်းတို့နှင့်စပ်လျဉ်း၍ အာဆီယံ-တရုတ်ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုတွင် အကျိုးဝင်ကြောင်း ၎င်းက ပြောကြားသည်။

အာဆီယံ- တရုတ်ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုသည် အောင်မြင်မှုရှိမည်ဟု မိမိယုံကြည်ကြောင်း ဝန်ကြီးကပြောကြားသည်။

လောလောဆယ်အချိန်၌ အနာဂတ် ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများ စတင်ရေးအတွက် တရားဝင်အခြေခံတစ်ရပ်ကို မချမှတ်ရသေးသော်လည်း ခိုင်မာသော လမ်းညွှန်မှုအခန်းကဏ္ဍနှင့် မြင့်မားသော လုပ်ငန်းလည်ပတ်မှုရှိကြောင်း ဝန်ကြီးက ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်မှု အခြေခံဦးတည်ချက်သည် အခြေခံအဆောက်အအုံ ဆက်စပ်မှုများ အရှိန်ရစေရန်၊ လူနှင့်ကုန်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ဆောင်မှု တိုးမြှင့်စေရန် ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

## စုပေါင်းညှိနှိုင်း

ယင်းပူးပေါင်းဆောင်ရွက်မှု အခြေခံသည် အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်ရေးဒေသတစ်ခု ထူထောင်မှုကို တွန်းအားပေးမည်ဖြစ်သည့်ပြင် အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အတွင်း နှစ်စဉ်ကုန်သွယ်မှုပမာဏ (ဒေါ်လာ ၁ဒသမ၂ ထရီလီယံ) ရှိသော လူဦးရေ ၁ဒသမ၈ဘီလီယံနီးပါးအတွက် ဘုံကြီးပွားချမ်းသာမှုရှာကြံရာတွင် စုပေါင်းညှိနှိုင်းမှုအကျိုးရလဒ်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

# မလေးရှားနှင့်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရန် မော်လဒိုက်နိုင်ငံ လိုလား

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၇**

မော်လဒိုက်နိုင်ငံသည် မလေးရှားနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေးကိုတိုးမြှင့်သွားရန်လိုလားလျက်ရှိကြောင်း၊ အထူးသဖြင့်ပြန်ကြားရေးနှင့်လူထုဆက်သွယ်ရေးတွင်အပြန်အလှန်ဖလှယ်လိုကြောင်း မလေးရှားနိုင်ငံ၌ အလည်ရောက်ရှိနေသည့် မော်လဒိုက်ဝန်ကြီးကကွာလာလမ်ပူ၌ သောကြာနေ့က ပြောကြားခဲ့သည်။

မော်လဒိုက်နိုင်ငံ၏ ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များ အရည်အသွေး တိုးတက်စေရန်အတွက် လေ့ကျင့်သင်ကြားမှုအပိုင်းတွင် မော်လဒိုက်နှင့် မလေးရှားနိုင်ငံတို့ ပူးပေါင်းနိုင်ကြမည်ဖြစ်ကြောင်း မော်လဒိုက်ပြန်ကြားရေး၊ ယဉ်ကျေးမှုအနုပညာဝန်ကြီးအာမက်အဗ္ဗဒူလာက မလေးရှားပြန် ကြားရေးဝန်ကြီးအဗ္ဗဒူကာဒီယာရှိခ်ဖက်ဇီယာနှင့် အစည်းအဝေးအပြီး၌ သတင်းထောက်များအား ပြောကြားသည်။

## ဖြည့်ဆည်းပေး

မိမိတို့ လူထုဆက်သွယ်ရေးကဏ္ဍသည် အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာစနစ်တွင် အကြီးအကျယ် စိန်ခေါ်ခံနေရကြောင်း၊ မော်လဒိုက်ပြည်သူများ၏ပြင်းပြသောဆန္ဒကို ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့၏သမ္မတသည် မလေးရှားနိုင်ငံခေါင်းဆောင်များနှင့် အလွန်ရင်းနှီးမှုရှိကြောင်း မိမိတို့အား မလေးရှားနိုင်ငံက ဆက်လက်ထောက်ခံပြီး ပူးပေါင်းဆောင်ရွက်သည့်အတွက် ကျေးဇူးတင်ကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



## အလှဆင်

**အိန္ဒိယနိုင်ငံ အနောက်ပိုင်း၏ မြို့တော် ပါနာဂျီး၌ (၃၅)ကြိမ်မြောက်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကျင်းပရာတွင် ကမ်းခြေသာယာလှပရေး ကဏ္ဍများလည်း ထည့်သွင်းထားသည်။** (ပုံတွင် မီရာဗာကမ်းခြေတွင် ပန်းပုရုပ်များဖြင့် အလှဆင်ထားသည်ကိုတွေ့ရစဉ်။)

**(ဓာတ်ပုံ-အင်တာနက်)**

# လာအို-တရုတ်ချစ်ကြည်ရေး အထိမ်းအမှတ် ဗီယင်ကျန်းမြို့၌ ပန်းခြံသစ်နှင့် အဆောက်အအုံဖွင့်လှစ်

**ဗီယင်ကျန်း နိုဝင်ဘာ ၂၈**

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တော်၌ အသစ်ဆောက်လုပ်ထားသော ပန်းခြံနှင့် အထိမ်းအမှတ်အဆောက်အအုံတို့ကို ဖွင့်လှစ်ခဲ့ရာ တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျောက်ရှင်းတက်ရောက်ခဲ့ကြောင်း သိရသည်။ ၁၉၅၈ ခုနှစ်က တည်ဆောက်ခဲ့သည့် အထိမ်းအမှတ် အဆောက်အအုံအနီးတွင် စတုရန်းမီတာ လေးသောင်းကျယ်ဝန်းသည့် ပန်းခြံသစ်ကို တရုတ်နိုင်ငံ၏ အထောက်အပံ့ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ယခုဖွင့်လှစ်သော ပန်းခြံ သစ်သည် မြို့တော်၏အလှအပကို ပိုမို ပေါ်လွင်စေနိုင်သည့်အပြင် လာအိုနှင့် တရုတ်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်လည်းဖြစ်ကြောင်း လာအိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီး သည် (၁၀)ကြိမ်မြောက် အာဆီယံ ထိပ်သီးဆွေးနွေးပွဲတက်ရောက်ရန် လာအိုသို့ ရောက်ရှိနေသည်။

**(စိစိတိဗွီ)**

# ဘဂ္ဂဒက်မြို့ လူစည်ကားရာလမ်းတွင် ဗုံးပေါက်ကွဲ အီရတ်နှစ်ဦးသေဆုံး၊ ၁၅ ဦးဒဏ်ရာရ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၈

**ဘဂ္ဂဒက်မြို့၏ လူစည်ကားရာလမ်းတွင် လမ်းဘေးဗုံးတစ်လုံး စနေနေ့အစောပိုင်းက ပေါက်ကွဲခဲ့သဖြင့် အီရတ်နှစ်ဦး သေဆုံးပြီး၊ အနည်းဆုံး ၁၅ဦး ဒဏ်ရာရခဲ့ကြောင်း ရဲဘက်ဆိုင်ရာမှ ပြောကြားသည်။**

**တိုက်ခိုက်**

အီရတ်ပြောက်ကျားများသည် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖြတ်သန်းသွားစဉ် အမြဲတမ်းလိုလို လမ်းဘေးဗုံးများကို ဖောက်ခွဲလေ့ရှိသည်။ ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုနှင့် တိုက်ခိုက်မှုများသည် နေ့စဉ်နီးပါးဖြစ်ပွားလျက်ရှိသည်။ အစိမ်းရောင်နယ်မြေရှိ အီရတ်ကြားဖြတ်အစိုးရဌာနချုပ်နှင့် အမေရိကန်၊ ဗြိတိသျှသံရုံးများကိုလည်း မကြာခဏ တိုက်ခိုက်ခဲ့သည်။

**ပစ်ခတ်**

ကြာသပတေးနေ့က အစိမ်းရောင်နယ်မြေအား မော်တာဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဗြိတိသျှလုံခြုံရေးကုမ္ပဏီတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော နီပေါလေးဦး သေဆုံးပြီး၊ အခြား ၁၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းကုမ္ပဏီမှ ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

**မြန်မာ့အလင်း**

**နိုင်ငံတကာ သတင်းများ**



# ဖလူးဂျာကို ဆင်နွှဲသည့် အမေရိကန် ထိုးစစ် ခြေကုန်လက်ပန်းကျနေသော ကန်တို့၏တိုက်ပွဲသာဖြစ်

ဘဂ္ဂဒက် နိုဝင်ဘာ ၂၈

**ဖလူးဂျာမြို့ကို အမေရိကန်တို့ စစ်ရေးအရ ထိုးစစ်ဆင်နွှဲခြင်းသည် အဓိပ္ပာယ်နှစ်ခွထွက်ကြောင်း ဆန်းစစ်လေ့လာသူများက ပြောဆိုကြသည်။ ယင်းထိုးစစ်သည် အီရတ်နိုင်ငံအနှံ့၌ ခုခံတိုက်ခိုက်ရေးသမားများအား နှိမ်နင်းရာ၌ ခြေကုန်လက်ပန်းကျနေပြီဖြစ်သော အမေရိကန်တပ်များအတွက်လည်း ဆင်နွှဲသည့်တိုက်ပွဲသာဖြစ်ဟု အဓိပ္ပာယ်ထွက်ကြောင်း ပြောဆိုခဲ့ကြသည်။**

လူအများက ဖလူးဂျာ ထိုးစစ်သည် သုံးရက်ထက် ပိုကြာမည်မဟုတ်ဟု ထင်မှတ်ခဲ့ကြသော်လည်း ကြာ ရှည်ခဲ့သည်မှာ အထင်အရှားပင်ဖြစ်ခဲ့သည်။ နှစ်ပတ်ကျော် ကြာခဲ့သော ထိုးစစ်သည် ဖလူးဂျာတွင် အမေရိကန် မရိန်းတပ်ဖွဲ့များ အနိုင်ရကြောင်း တရားဝင်ကြေညာခဲ့ခြင်း မရှိဘဲ ပြီးဆုံးခဲ့သည်။

**ထွက်ပြေး**

ဖလူးဂျာမြို့နေ လူ ၃၅၀၀၀၀ ခန့်အနက် အများစုသည် ၎င်းတို့၏ နေအိမ်များမှနေ၍ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရသည်။

ဖလူးဂျာမြို့ကို မြန်မြန်ထက်ထက် ပြန်သိမ်းနိုင်ခဲ့လင့်ကစား အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀၀၀ခန့်မှာ အနည်းငယ်ကျန်ရှိသော ခုခံတိုက်ခိုက်ရေးသမားများနှင့် လမ်းများအတွင်း၌ ဆက်လက်တိုက်ပွဲဆင်နွှဲနေရသည်။

အီရတ်ရှိ အကြမ်းဖက်မှု ခေါင်းဆောင် အဘူမူဆက် အယ်လ် ဇာကာဝီမှာ အခြားခုခံတိုက်ခိုက်ရေး ခေါင်းဆောင်များနှင့်အတူ ထွက်ပြေးသွားကြောင်း သိရသည်။

**အမ်အင်အေ၊ ဆင်ဟွာ**



**ကင်းလှည့်**

**မိုဆူးလ်မြို့တွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို နိုဝင်ဘာ ၂၈ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

# နိုဝင်ဘာ ၂၈ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၂၃၇ဦး ရှိပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၉

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီးဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက်ရှိကြသည်။**

နိုဝင်ဘာ ၂၈ရက် တနင်္ဂနွေနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၂၃၇ ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၉၆၁ ဦးမှာ တိုက်ပွဲ၌သေဆုံးခဲ့ကြသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်းသေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၄ဦး၊ အီတလီ ၁၉ဦး၊ စပိန် ၁၁ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၁၀၉၉ ဦးဖြစ်ပြီး ယင်းအနက် ၈၅၂ ဦးမှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

**(အင်တာနက်)**

**ဆန္ဒပြ**

**အီရတ်နိုင်ငံတွင် အမေရိကန်တို့က စစ်ရေးအရ အင်အားသုံးတိုက်ခိုက်နေမှုအား ဆန့်ကျင်သည့်အနေဖြင့် ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ဆန္ဒပြနေသူများကို နိုဝင်ဘာ ၂၈ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

# အီရတ်ဆိုင်ရာ နိုင်ငံတကာညီလာခံ ကျင်းပပြီးစီး အီရတ်တွင် ငြိမ်းချမ်းတည်ငြိမ်မှုရရန် သဘောတူညီ

**ပေကျင်း နိုဝင်ဘာ ၂၈**

မကြာမီက ကျင်းပပြီးစီးခဲ့သော အီရတ်ဆိုင်ရာ နိုင်ငံတကာ ညီလာခံသည် အောင်မြင်မှုရရှိခဲ့သော ညီလာခံတစ်ရပ်ဖြစ်ကြောင်းနှင့် အများစု၏ ဆန္ဒသဘောထားကိုရရှိခဲ့သော ဤညီလာခံ၏ ဆုံးဖြတ်ချက်များကို နိုင်ငံတကာ လူ့အဖွဲ့အစည်းများအား အကောင်အထည်ဖော် ဆောင်ရွက်သွားရန် တိုက်တွန်းလိုက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။ အီရတ်နိုင်ငံ ပြန်လည် တည်ဆောက်ရာတွင် အီရတ်နိုင်ငံ၌ တည်ငြိမ်မှုရရှိအောင် အကူအညီပေးပြီး ကုလသမဂ္ဂသည် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်းဖြင့် အီရတ်နိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲ ပြုလုပ်ရာတွင် တိုးတက်မှုများမည်ဖြစ်ကြောင်း၊ ပါတီများ၏ ရရှိရန်ဆန္ဒသဘောထားများကို ရရှိခဲ့သောကြောင့် ယင်းညီလာခံသည် စစ်မှန်သော အောင်မြင်မှုများကို ရရှိစေခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားသည်။

အီရတ်နိုင်ငံတွင် ငြိမ်းချမ်းတည်ငြိမ်မှု ရရှိရန်အတွက် နိုင်ငံတကာ လူ့အဖွဲ့အစည်းများ၏ ထောက်ခံမှု ရရှိခဲ့ကြောင်းကို ဤညီလာခံကြီးက လက်တွေ့ ပြသလိုက်သည်ဟုလည်း ၎င်းက ထည့်သွင်းပြောကြားသည်။

**တက်ရောက်**

အီဂျစ်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသော အီရတ်ဆိုင်ရာ နိုင်ငံတကာညီလာခံသို့ နိုင်ငံပေါင်း ၂၀ကျော်နှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**



# ကန်တပ်ဖွဲ့ဝင် ၅၀၀၀ခန့် ပြင်းထန်သော ဒဏ်ရာများကြောင့် တာဝန် ပြန်လည်မထမ်းဆောင်နိုင်

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၈**

ဘဂ္ဂဒက်မြောက်ပိုင်းတွင် ကင်းလှည့်နေသော အမေရိကန်တင့်ကားတစ်စီးအား အီရတ်ပြောက်ကျားများ စနေနေ့က လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ၎င်းတပ်ဖွဲ့မှ ပြောကြားသည်။

ယင်းပေါက်ကွဲမှုသည် ဘဂ္ဂဒက်မြောက်ပိုင်း ၅၅မိုင်အကွာတွင်ရှိသော ဒူလ်လူအိုင်ယာမြို့တွင် ဖြစ်ပွားခဲ့သည်ဟု ခြေလျင်တပ်မ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပြီးခဲ့သောနှစ် မတ်လ၌ အီရတ်သို့ ကျူးကျော်ဝင်ရောက် သိမ်းပိုက်ကတည်းက တိုက်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင် ၉၅၇ဦးထက်မနည်းသေဆုံးပြီး၊ ၉၀၀၀ကျော် ဒဏ်ရာရရှိခဲ့ရာ ၎င်းတို့ထဲမှ တပ်ဖွဲ့ဝင်၅၀၀၀ခန့်သည် ပြင်းထန်စွာ ဒဏ်ရာရခဲ့သောကြောင့် တာဝန်ပြန်လည်မထမ်းဆောင်နိုင်ကြောင်း သိရသည်။ **အမ်အင်အေ၊ ရိုက်တာ**

# အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခုခံရေးသမားတို့ ပိုမိုပစ်မှတ်ထားလာ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၈

**သုံးရက်အတွင်း အလုပ်မှနုတ်မထွက်ပါက အသတ်ခံရမည်ဆိုသော သတိပေးစာတစ်စောင်နှင့် သွေးစွန်းနေသော ဓားနှစ်လက်ကို ခုခံတိုက်ခိုက်ရေးသမားများက အီရတ်လုံခြုံရေး အစောင့်တပ်ဖွဲ့ဝင် အိုမာဟာမစ်၏ ကားဂိုထောင်အတွင်း၌ထားခဲ့ပြီး သတိပေးခဲ့သည်။**

**ရောက်ရှိနိုင်**

ခုခံတိုက်ခိုက်ရေးသမားများသည် လူအများအပြားကို သတ်ဖြတ်ခဲ့ကြကြောင်း၊ မည်သည့်နေရာကိုမဆို သူတို့ရောက်ရှိနိုင်ကြောင်း၊ အိမ်များအတွင်းကိုလည်း အလွယ်တကူ ချိုးဖျက်ဝင်ရောက်နိုင်ပြီး ပြန်ပေးဆွဲခြင်း၊ သို့မဟုတ် သတ်ဖြတ်ခြင်း ပြုလုပ်နိုင်ကြောင်း ဟာမစ်က ပြောကြားသည်။

**တိုက်ခိုက်လာ**

ဇန်နဝါရီ၃၀ရက်၌ ကျင်းပမည့် ရွေးကောက်ပွဲနီးကပ်လာချိန်တွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပိုမိုပြီး ပစ်မှတ်ထား တိုက်ခိုက်လာခဲ့ကြသည်။ ကားဗုံးခွဲခြင်း၊ စိန်ပြောင်းဖြင့် တိုက်ခိုက်ခြင်း၊ ကားမောင်းရင်း ပစ်ခတ်ခြင်းများ၊ ပြန်ပေးဆွဲခြင်း၊ ချုံခိုတိုက်ခိုက်ခြင်းနှင့် သတ်ဖြတ်ခြင်းစသည်များ ပြုလုပ်လာခဲ့ကြသည်။ **(အင်တာနက်)**



ဖလူးဂျာမြို့တွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို နိုဝင်ဘာ ၂၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# အီရတ်ဒေသအနှံ့အပြားတွင် လုံခြုံရေးတည်ငြိမ်မှု မရှိသေး

ဘဂ္ဂဒက် နိုဝင်ဘာ ၂၈

**ဘဂ္ဂဒက် အတွင်းအပြင်တစ်ဝိုက် ရွေးကောက်ပွဲပိုစတာများ၊ ဆိုင်းဘုတ်များ စိုက်ထူထားပြီး ရုပ်မြင်ကြော်ငြာများထုတ်လွှင့်နေသော်လည်း နိုင်ငံအနှံ့အပြားတွင် တိုက်ခိုက်မှုများ မြင့်တက်လာလျက်ရှိသည်။ လက်နက်ကိုင်များက တိုက်ခိုက်မှုများဖြင့် အားဖြည့်လျက်ရှိကာ အီရတ်နိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့များ လုံးဝထွက်ခွာသွားသည်အထိ ရွေးကောက်ပွဲကို သပိတ်မှောက်ရန် ကြိုးစားနေကြသည်။**

အီရတ်နိုင်ငံရေး ပါတီအချို့ ဇန်နဝါရီလကုန်၌ကျင်းပမည့် အီရတ်ရွေးကောက်ပွဲကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုမှုများရှိနေသော်လည်း သတ်မှတ်ထားသည့်အတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**တောင်းဆို**

ပြီးခဲ့သော သောကြာနေ့က အီရတ်၏ အဓိကနိုင်ငံရေးပါတီ ၁၅ ဖွဲ့အပြင် ကာ့ဒ်ပါတီကြီးနှစ်ခုနှင့် အခြားအဖွဲ့အစည်းများ တွေ့ဆုံကာ ရွေးကောက်ပွဲကို ရက်ရွှေ့ဆိုင်းရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ယခင် အီရတ်အုပ်ချုပ်မှုကောင်စီ ဥက္ကဋ္ဌဖြစ်သူ အက်ဒ်နန်ပါချာချီက ရွေးကောက်ပွဲလုပ်ငန်းစဉ်မှာ နိုင်ငံတစ်ဝန်းပါဝင်သင့်ကြောင်း၊ အချို့ဒေသများမှာ လုံခြုံရေးကြောင့် မကျင်းပနိုင်မည့်အခြေအနေများရှိနေကြောင်း ထောက်ပြခဲ့သည်။

**ကြေညာ**

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မှာ အီရတ်ရွေးကောက်ပွဲကို ဇန်နဝါရီလကုန်ထက် နောက်မကျစေဘဲ ကျင်းပမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ အီရတ်ရှိအများကမူ ရွေးကောက်ပွဲကျင်းပရန် ဆန္ဒရှိကြပြီး ကြားဖြတ်ဝန်ကြီးချုပ်၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က အီရတ်ကြားဖြတ်အစိုးရအနေဖြင့် ရက်ရွှေ့ဆိုင်းရန် အစီအစဉ်မရှိကြောင်း သတင်းစာရှင်းလင်းပွဲ၌ ကြေညာခဲ့သည်။ **(စီအင်န်အင်န်)**







တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော် ဆန္ဒပြနေသူများကို နိုဝင်ဘာ ၂၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# ကိုလံဘီယာရှိ မြေမြှုပ်မိုင်းများ ရှင်းလင်းရေး ဆလိုဗက်နည်းပညာအသုံးပြုရန် စိတ်ဝင်စားနေ

ဘရာတစ်လာဗာ နိုဝင်ဘာ ၂၈

**ဆလိုဗက်နည်းပညာများကို အသုံးပြုပြီး မြေမြှုပ်မိုင်းများရှင်းလင်းရေးကို ကိုလံဘီယာနိုင်ငံက စိတ်ဝင်စားလျက်ရှိကြောင်း ဆလိုဗက်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ကိုလံဘီယာနိုင်ငံခြားရေးဝန်ကြီး ကာရိုလီနာ အိုင်ဆက်ဆမ်က ဘရာတစ်လာဗာမြို့တွင် သောကြာနေ့က ပြောကြားလိုက်သည်။**

ယင်းကဲ့သို့ မြေမြှုပ်မိုင်းများရှင်းလင်းရေးတွင် ဆလိုဗက်နည်းပညာများ အသုံးပြုရန် စိတ်ဝင်စားကြောင်းကို ဆလိုဗက်နိုင်ငံခြားရေးဝန်ကြီး အီဒူရက်ကူကင်န်နှင့် တွေ့ဆုံဆွေးနွေးစဉ် ကိုလံဘီယာနိုင်ငံခြားရေးဝန်ကြီး ဆက်ဆမ်က ပြောကြားခဲ့ခြင်း ဖြစ်သည်။ ကိုလံဘီယာနိုင်ငံတွင် မြေမြှုပ် မိုင်း ၇၀၀၀၀ခန့် နေရာအနှံ့ပြန့်ကျဲလျက်ရှိနေပြီး နေ့စဉ် လူနှစ်ဦးခန့် မြေမြှုပ် မိုင်းကြောင့် သေဆုံးနေကြရသည်။

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး နှစ်ဦးတွေ့ဆုံဆွေးနွေးစဉ် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်ပယ် အသီးသီးတွင် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ရုရှားအမ်အိုင်-၈ ရဟတ်ယာဉ်တစ်စင်းပျောက်ဆုံးနေ

မော်စကို နိုဝင်ဘာ ၂၈

**ရုရှားနိုင်ငံအရှေ့ဘက်စွန်းအရပ်တွင်ရှိသော ကမ်ချက်ကာမြို့တွင် လူခြောက်ဦးပါရှိသော ရုရှားလုပ်အမ်အိုင်-၈ရဟတ်ယာဉ်တစ်စင်း ပျောက်ဆုံးလျက်ရှိကြောင်း အိုင်တာတတ်စ်သတင်းဌာနက ရုရှားနိုင်ငံအရေးပေါ်ဆိုင်ရာ ဝန်ကြီးဌာနက သတင်းတစ်ရပ်ကို ကိုးကားပြီး စနေနေ့က သတင်းထုတ်ပြန်သည်။**

**ပြတ်တောက်**

အဆိုပါရဟတ်ယာဉ်သည် လူခြောက်ဦးကိုတင်ဆောင်၍ အိုဆာချာနှင့် ရီလီဇိုဗိုမြို့အကြားပျံသန်းစဉ် မြေပြင်ဆက်သွယ်ရေးစခန်းနှင့် စနေနေ့နံနက် ၄း၂၀နာရီက အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။

**လိုက်ပါ**

ပျောက်ဆုံးသွားသော အမ်အိုင်-၈ရဟတ်ယာဉ်တွင် လိုက်ပါသွားသော လူခြောက်ဦးမှာ ရဟတ်ယာဉ်အမှုထမ်းသုံးဦး၊ လူနာတစ်ဦးနှင့် ဆရာဝန်နှစ်ဦးတို့ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ချူအစီအစဉ် လက်လျှော့ဆိုမှု အီရန်နိုင်ငံငြင်းဆို

**တီဟီရန် နိုဝင်ဘာ ၂၈**

အီရန်နိုင်ငံအနေဖြင့် ချူကလီးယား အထောက်အကူပြုပစ္စည်း ထုတ်လုပ်ခွင့်ပြုရန် တောင်းဆိုမှုကို အီရန်က လက်လျှော့လိုက်ကြောင်း သတင်းကို အီရန်နိုင်ငံခြားရေး ဝန်ကြီး ကာမဲလ်ကာရာဇီက ငြင်းဆိုခဲ့သည်။ အီရန် ချူကလီးယား အစီအစဉ်များနှင့် ပတ်သက်ပြီး အိုင်အေအီးအေနှင့် အီရန်နိုင်ငံတို့အကြား ဗီယင်နာမြို့၌စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်စဉ် ယခုကဲ့သို့ အီရန်နိုင်ငံခြားရေးဝန်ကြီးက ငြင်းဆိုခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် သောကြာနေ့က ကျင်းပခဲ့သည့် အိုင်အေအီးအေ အစည်းအဝေးပွဲ၌ ချူကလီးယား အစီအစဉ်များ ရပ်ဆိုင်းမှုကို အီရန်နိုင်ငံက အပြည့်အဝ လိုက်နာဆောင်ရွက်ခြင်း ရှိ၊မရှိ အိုင်အေအီးအေက စောင့်ကြည့်မည် ဖြစ်ကြောင်းသိရသည်။ ထို့အပြင် အီရန်နိုင်ငံက အဆိုပါပစ္စည်း ၂၀ ထုတ်လုပ်ခွင့်ပြုရန် အိုင်အေအီးအေသို့ တရားဝင် အကြောင်းကြားစာပေးပို့ခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ကာမဲလ်ကာရာဇီက ပြောကြားသည်။ **(စီစီတီဗွီ)**

# အသံကြားရုံဖြင့် သိလိုသည့်နေရာရှာပေးနိုင်သည့် အောက်ဆီဂျင်အမည်ရှိစနစ်တစ်ခု စမ်းသပ်သုတေသနပြုခဲ့

ဘော့စ်တွန် နိုဝင်ဘာ ၂၈

**အသံကြားရုံဖြင့်သိလိုရာနေရာများကို ဖန်သားပြင်ပေါ်မှာ ရှာပေးနိုင်သောစနစ်တစ်ခုကို အောက်ဆီဂျင်ဟု အမည်ပေးကာ သုတေသီများက စမ်းသပ်သုတေသနပြုလျက်ရှိသည်။ သုတေသနပြုမှုပေါင်း ၄၀၀ ခန့်ပြုလုပ်လျက်ရှိရာ အသံကိုကြားရုံဖြင့် ဘော့စ်တွန်မြို့နေရာတစ်လွှားကို အလွယ်တကူရှာဖွေ ပေးနိုင်သည့်စနစ်ကို ၁၅နှစ်ကြာသုတေသနပြုခဲ့သည်။ ကွန်ပျူတာ၌သွင်းထားသော အချက်အလက်မှတစ်ဆင့် လိုအပ်သည့်အချက်အလက်ကို ထုတ်ယူပြသနိုင်ကြောင်း သိရသည်။**

**တိုက်ရိုက်ပြောကြားနိုင်**

အခြားတီထွင်မှုတစ်ခုမှာ ဂျီပီအက်စ်စနစ်ကို အင်တာနက်၌ ထည့်သွင်းကာ ရထားသွားလာရာ လမ်းတစ်လျှောက်ခြေရာခံပြသနိုင်ပြီး အဆောက်အအုံအတွင်းရှိ ကိရိယာများနှင့် စက်ပစ္စည်းများကို ဖော်ပြနိုင်သည်။ အတန်းလိုက်စီစဉ်ထားသော သေးငယ်သည့် မိုက်ကရိုဖုန်း ၁၀၀၀ပါ ကိရိယာသည် ဆွေးနွေးပွဲများအတွင်းမှလူတစ်ဦးချင်းစီ၏ အသံကို ခွဲခြားသိရှိကာ ပြန်လည်လွှင့်ထုတ်နိုင်သည်။ ၎င်းစနစ်အောင်မြင်ပါက ရုပ်မြင်သံကြားစကားပြော ပြသမှုများတွင် တစ်ဦးနှင့် တစ်ဦးမိုက်ကရိုဖုန်းလွှဲပြောင်းစရာမလိုဘဲ တိုက်ရိုက်ပြောကြားနိုင်တော့မည်ဖြစ်သည်။ **(စီအင်န်အင်န်)**

# အင်္ဂပူမြို့နယ် မယ်ဇလီကုန်းကျေးရွာ၌ အောင်ကျော်စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

## ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် နိုဝင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့နယ် ပျိုးကုန်းကျေးရွာ မူလတန်းကျောင်းသို့ ရောက်ရှိ၍ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံပြီး ကျောင်းဆောင် ပြုပြင်ရေးနှင့်ပတ်သက်၍ တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် မယ်ဇလီကုန်းကျေးရွာ အောင်ကျော်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

### အမှာစကား

ထို့နောက် ဖွင့်ပွဲကို စာကြည့်တိုက်တွင် ဆက်လက်ကျင်းပရာ ဗဟိုအလုပ် အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က စာကြည့်တိုက်များ ထူထောင်ရန်လိုအပ်ပုံနှင့် ဆက်လက် ဆောင်ရွက်သွားသင့်သည်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က စာကြည့်တိုက်အတွက် စာအုပ်စာတမ်းများ ပေးအပ် လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံက လက်ခံရယူပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင်သည် နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ရေကျော်ကျေးရွာဘက်ကမ်းရှိ ကညင်ချောင်းကူး ရေကျော်တံတား ဆောက်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေး ပန္နက်ရိုက်ပေးသည်။ ယင်းနောက် ရှမ်းခေါင်းမြဲကျေးရွာ ဘုန်းကြီးကျောင်းတွင် ရွာသူရွာသားများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးသည်။ထို့နောက် ရေကျော်ကျေးရွာ မူလတန်းကျောင်းသို့ လည်းကောင်း၊ ပါနိုကွင်းကျေးရွာ မူလတန်းကျောင်းသို့လည်းကောင်း သွားရောက်ပြီး ကျောင်းဆောင်သစ်များ ဆောက်လုပ်ရေး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

### ကြည့်ရှုစစ်ဆေး

ဗဟိုအလုပ်အမှုဆောင်သည် မွန်းလွဲပိုင်းတွင် မြစ်ကလိုင်ကျေးရွာအနီး တစ်တီတူး ကွင်းဖောက်ချောင်းရှိ တာပေါင်သို့ သွားရောက်ပြီး ရေထိန်းတံခါး ဆောက်လုပ်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ ဆင်ခေါင်းအင်းကျေးရွာမူလတန်းကျောင်း ပြန်လည်ဆောက်လုပ်မှုအခြေအနေများကို လည်းကောင်း ကြည့်ရှု စစ်ဆေးသည်။ ထို့နောက် ထူးကြီးကျေးရွာရှိ အထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းဆောင်သစ် ဆောက်လုပ်မှုအခြေအနေများကို လည်းကောင်း၊ (င)ရပ်ကွက်ရှိ မူလတန်းကျောင်းဆောက်လုပ်မှုအခြေအနေများကိုလည်းကောင်းသွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် မယ်ဇလီကုန်းကျေးရွာ အောင်ကျော်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သစ်တောရေးရာ)**

# လယ်တီမူ ကိုးရက်တရားစခန်း တောင်ငူမြို့၌ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

တောင်ငူမြို့ ဇေယျာခင်ဦးရပ် ဒဏ္ဍိဏာရာမကျောင်းတိုက်တွင် ဆဌမအကြိမ် လယ်တီမူအနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ ကမ္မဋ္ဌာနာစရိယချုပ် ဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)၏ ကိုးရက်တရားစခန်းကို ဒီဇင်ဘာ ၁၃ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အကြိုတရားပွဲအဖြစ် မွန်ပြည်နယ် မုဒုံမြို့ ဓမ္မဒူတကျောင်းတိုက်ကြီး၏ ပဓာန နာယကကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိကအကျော် ဓမ္မဒူတ အရှင်ကောသလ္လက ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်ညတွင် ဟောကြားပြီး စာရေးဆရာကြီးမင်းယုဝေက ဒီဇင်ဘာ ၁၂ ရက် ညတွင် ဟောကြားမည်ဟု သိရသည်။ **(က–ပ)**


**CLMTV ECS TRADE FAIR**




**ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ–၂၀၀၄**

ရန်ကုန်မြို့၊ မင်းဓမ္မလမ်း၊ မြန်မာကွန်ဗင်းရှင်းစင်တာ

(၃–၁၂–၂၀၀၄ ရက်မှ ၇–၁၂–၂၀၀၄ ရက်အထိ)


# ရွှေလှေအထက အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ဘီးလင်းမြို့နယ် ရွှေလှေစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၏ ဒွါဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၃၆၆ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက် (ဒီဇင်ဘာ ၆ ရက်) တနင်္လာနေ့တွင် ကျင်းပမည်ဖြစ်ရာ တပည့်ဟောင်း၊ တပည့်သစ်များအားလုံး လာရောက်ပူဇော်ကန်တော့ကြရန်နှင့် ဦးတင်ဌေး (လ/ထညွှန်မှူး၊ ဦးစီးရုံး၊ ပြည်တွင်းအခွန်ဦးစီးဌာန) ဖုန်း–၃၇၁၇၇၆၊ ၃၇၉၆၁၃ နှင့် ရဲအုပ်မျိုးမြင့် ဖုန်း–၂၈၁၀၄၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**



**မုံရွာမြို့ စက်မှုလက်မှု သိပ္ပံ ၁၉၉၁–၂၀၀၃ ကျောင်း သား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၇ ရက်က ဗဟန်းမြို့နယ် ရွှေကျင်နိကာယ မဟာ ဓမ္မဗိမာန်တော်ကြီး၌ကျင်းပရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ပစ္စည်း ပေးအပ်ကြစဉ်။ (က–ပ)**



**အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးသစ်ဖွင့်ပွဲနှင့် စာကြည့်တိုက် လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၂၁ ရက်က အဆိုပါရုံးသစ်၌ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင့်လွင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးကြည်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)**

## စာပေဒါန

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။

**နေ့ရက်** – ၃–၁၂–၂၀၀၄ (သောကြာနေ့)

**အချိန်** – မွန်းလွဲ ၂ နာရီ

**နေရာ** – ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

စာပေဒါနပြုလိုကြသော စေတနာရှင်၊ အလှူရှင်များ အချိန်မီတက်ရောက် လှူဒါန်းနိုင်ကြပါရန် နှိုးဆော် ဖိတ်ကြားအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

**၂၂–၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။**

**ဖုန်း–၃၇၁၃၃၉၊ ၃၇၉၇၆၉၊ ၃၇၉၇၇၁၊ ၂၅၂၄၅၁။**



မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိသော တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာကော်မတီ အစည်းအဝေးကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

## တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံသံရုံးများမှ သံအမတ်ကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင်သတင်းထောက်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင်များနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင်မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးနှင့် အာဆီယံကိုယ်စားလှယ်များ၊ ဧည့်သည်တော်များသည် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

## ဆက်လက်ကျင်းပ

ယင်းနောက် နံနက် ၁၀ နာရီတွင် တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာကော်မတီ အစည်းအဝေးကို ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင် ဒေါ်ခင်အုန်းသန့်က ဆောင်ရွက်ပြီး နှုတ်ခွန်းဆက်စကားပြောကြားသည်။

## ဖတ်ကြားတင်ပြ

ထို့နောက် အစီအစဉ်အရ ပေကျင်းကြေညာစာတမ်းနှင့် ပတ်သက်သော တိုးတက်မှုအစီရင်ခံစာများကို သက်ဆိုင်ရာ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များကအသီးသီးဖတ်ကြားတင်ပြကြသည်။

ထို့နောက် အမျိုးသမီး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအကြောင်းအရာများကို ဆွေးနွေးကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါအစည်းအဝေးကိုနိုဝင်ဘာ ၃၀ ရက်တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ (သတင်းစဉ်)

# ပန်းတဥ်းတန်းအရဏ်တော်ဝတ်အသင်း ရွှေသက်န်းတော်များ ကပ်လှူပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၉

ကြည့်မြင်တိုင်မြို့နယ် ပန်းတဥ်းတန်း အရဏ်တော်ဝတ်အသင်းက ကြီးမှူး၍ (၆၃)ကြိမ်မြောက် ရွှေတိဂုံစေတီတော်မြတ်အား ရွှေပြားသင်္ကန်းတော်များ ကပ်လှူပူဇော်ပွဲကို ဒီဇင်ဘာ ၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ယခုနှစ် (၆၃)ကြိမ်မြောက် ရွှေပြားသင်္ကန်းတော်များ ကပ်လှူပူဇော်ပွဲတွင် ရွှေအလေးချိန် သုံးကျပ်သားစီရှိသော ရွှေပြားသင်္ကန်းတော် ၃၁ပြား၊ စုစုပေါင်း အလေးချိန် ၉၃ ကျပ်သား၊ တန်ဖိုးငွေ ကျပ် ၁၈၁၃၅၀၀၀ ရှိသော ရွှေသင်္ကန်းတော်များကို လှူဒါန်းမည်ဖြစ်သည်။

ရွှေပြားသင်္ကန်းတော်များကို အလှူရှင်၊ စေတနာရှင်များ ကြည်ညိုသဒ္ဓါတရား ပွားများနိုင်စေရန်အတွက် ဒီဇင်ဘာ ၅ ရက်တွင် ကြည့်မြင်တိုင်မြို့နယ်အတွင်းတွင်လည်းကောင်း၊ ဒီဇင်ဘာ ၆ ရက်တွင် စမ်းချောင်းမြို့နယ်အတွင်းတွင်လည်းကောင်း လှည့်လည်အပူဇော်ခံမည်ဖြစ်သည်။

ပန်းတဥ်းတန်း အရဏ်တော်ဝတ်အသင်းဓမ္မာရုံ အလှူမင်္ဂလာမဏ္ဍပ်တွင် ဒီဇင်ဘာ ၈ ရက်မှ ၁၇ ရက်အထိ (၁၀)ရက်တိုင်တိုင် တရားပွဲများကျင်းပမည်ဖြစ်ပြီး ဓမ္မကထိက ဆရာတော် ၁၀ ပါးက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

ဒီဇင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်များတွင် ဆွမ်းတော်ကြီးကပ်လှူမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၀ ရက် နံနက်တွင် ဘုရားအမှူးပြုသော ပင့်သံဃာ ၅၈ ပါးတို့အား အရဏ်ဆွမ်းကပ်လှူကာ စာရေးတံမဲများ လှူဒါန်း၍ ရေစက်ချမင်္ဂလာ အခမ်းအနားကျင်းပမည်ဟု သိရသည်။ (က-ပ)

# မြန်မာ့ရုပ်မြင်သံကြား

၃၀-၁၁-၂၀၀၄
(အင်္ဂါနေ့)
နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယော)ဆရာတော် ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၀ | ၆။ | ကဗျာပန်းဥယျာဉ် |
| ၈း၀၀ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၈း၁၅ | ၈။ | ပိုင်ကျုံရေထိန်းတံခါး |
| ၈း၃၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | Let's Go |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

ညပိုင်း

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | English for Everyday Use |
| ၁၆း၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇း၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ရုက္ခဗေဒ အထူးပြုများ) (ရုက္ခဗေဒ) |
| ၁၇း၁၅ | ၆။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၇း၃၀ | ၇။ | ခံစားနားဆင်တေးဓာတ်ဝင် |
| ၁၇း၄၅ | ၈။ | ဆိုကြမယ် ပျော်ကြမယ် |
| ၁၈း၁၅ | ၉။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **'မျောက်မင်းဂူခုန်း'** (အပိုင်း-၄၆) |
| ၁၈း၃၀ | ၁၀။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၂။ | တေးဂီတအစီအစဉ် |
| ၁၉း၂၀ | ၁၃။ | သားငါးဖွံ့ဖြိုးပြည့်အကျိုး |
| ၁၉း၃၅ | ၁၄။ | ကြေးမုံရိပ်သွင်တေးနယဉ် |
| ၂၀း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | လပတ်မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက် |
| | ၁၉။ | နိုင်ငံခြားဇာတ်လမ်းတွဲ **'သံစဉ်မဲ့ချစ်သူ'** (အပိုင်း-၁၇) |
| | ၂၀။ | နောက်တစ်နေ့အစီအစဉ်။ |

# ပြည်ဂျီတီအိုင် စက်မှုလက်မှုသိပ္ပံကျောင်းသားများ အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၉

ပြည်ဂျီတီအိုင် စက်မှုလက်မှုသိပ္ပံ ကျောင်းနေဖက်များက အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၅ရက် (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာ စားသောက်ဆိုင် ခုနစ်မိုင်ခွဲ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းနေဖက်များ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဦးဌေးအောင်ဖုန်း-၀၉-၈၀-၂၁၃၇၁၊ ဦးတင်အေး ဖုန်း-၀၉-၅၀၀-၃၇၈၂၀၊ ဦးတင်ဝင်းအောင် ဖုန်း-၀၉-၉၉-၂၇၉၀၁၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၆၄၂၅၄၂၊ ဦးအောင်မိုး ဖုန်း-၀၉-၈၀-၃၄၇၇၄နှင့် ဦးလှထူး ဖုန်း-၀၉-၅၀-၂၀၂၂၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

# ချင်းတွင်းမြစ်ကူး( ဆင်ဖြူရှင်တံတား ) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

ရန်ကုန် နိုဝင်ဘာ ၂၉

ချင်းတွင်းမြစ်ကူး(ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၀)နှင့်(၁)အကြားမှ ဖွင့်လှစ်ထားခဲ့သည်။

ယခုအခါ ရေလမ်းကြောင်းပြောင်းလဲမှုအခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန်ရေလမ်းကြောင်းကို နိုဝင်ဘာ ၁၀ ရက်မှစ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၁)နှင့်(၁၂)အကြားမှ ပြောင်းလဲသတ်မှတ်ဖွင့်လှစ်ထားသည်။

## မီးနီထွန်းပြသထား

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄ မီတာရှိ၍ ကင်းလွတ်အမြင့်မှာ ၁၁ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင် တြိဂံအမှတ်အသား ပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)



# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရွှေစင်ရွှေပြားကပ်လှူပူဇော်ရန်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၉

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်တွင် ခြောက်လက်မပတ်လည် နှစ်ကျပ်သားရွှေစင်ရွှေပြား တစ်ချပ်ကပ်လှူပူဇော်ရန် အလှူငွေကျပ်လေးသိန်းကို အမှတ် ၁၃၉ ၂၃လမ်း လသာမြို့နယ် ရန်ကုန်မြို့နေ ဦးမြသန်း-ဒေါ်သန်းရီ၊ ညီမ ဒေါ်မြင့်မြင့်ကြည်၊ သမီး မသန္တာဝင်း၊ သား မောင်သူရကျော်မိသားစုက ဂေါပကအဖွဲ့အကျိုးတော်ဆောင် ဦးဆန်းထံ တန်ဆောင်မုန်းလပြည့်နေ့က လာရောက်လှူဒါန်းသည်။(အပေါ်ပုံ)

၁၃၆၆ခုနှစ် တပေါင်းလပြည့်နေ့တွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား ရွှေစင်ရွှေပြားကပ်လှူပူဇော်မည်ဖြစ်ရာ ရွှေစင်ပြားနှစ်ကျပ်သား၊ တစ်ကျပ်သား၊ ငါးမူးသား၊ တစ်မတ်သား စသည်ဖြင့် လှူဒါန်းလိုပါက ဦးဆန်း အမှတ် ၂၁ ပန်းခြံလမ်း(စမ်းချောင်းမီးသတ်အနီး)စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၀၀-၁၇၈၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

# ဘောဂဗေဒဌာန နှစ်(၈၀)ပြည့် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၉

ဘောဂဗေဒဌာန နှစ်(၈၀)ပြည့် အထိမ်းအမှတ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ရန်ကုန်စီးပွားရေး တက္ကသိုလ်(ပင်မ) အခန်းအမှတ်၁၀ တွင် ဒီဇင်ဘာ၁၂ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီ၌ ကျင်းပမည်ဖြစ်သည်။

နှစ်(၈၀)ပြည့် သက်တမ်းတစ်လျှောက် ဘောဂဗေဒဌာနများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)နှင့်အထက် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ရာ စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကန်တော့ကြရန်နှင့် အာစရိယပူဇော်ပွဲအတွက် ပါမောက္ခ ဒေါ်ညွန့်ညွန့်ဆွေ ဖုန်း-၀၉-၈၀-၂၃၄၄၀၊ ပါမောက္ခ ဒေါ်အေးအေးမြင့် ဖုန်း-၅၆၅၉၂၃၊ တွဲဖက်ပါမောက္ခ ဒေါ်နန်းစိန်ဦး ဖုန်း-၅၂၆၆၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)





ပထမအကြိမ် အာဆီယံ-အိန္ဒိယ မော်တော်ကားပြိုင်ပွဲ(၂၀၀၄) ပြိုင်ပွဲဝင်ကားများ ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့သို့ နိုဝင်ဘာ ၂၈ ရက်က ရောက်ရှိရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များက ကြိုဆိုကြစဉ်။ (သတင်းဖော်ပြပြီး)
(သတင်းစဉ်)

## ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံတက်ရောက်နိုင်ရန် စိစစ်ရေးကတ်ပြားနှင့် မော်တော်ယာဉ် ဝင်ခွင့်လက်မှတ်များ ထုတ်ယူနိုင်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေတွင်ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံသို့ တက်ရောက်နိုင်ရေးအတွက် ဖိတ်ကြားစာများရရှိထားသော ပုဂ္ဂိုလ်များသည် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ တက်ရောက်နိုင်ရန် စိစစ်ရေးကတ်ပြားနှင့် မော်တော်ယာဉ်ဝင်ခွင့်လက်မှတ်များကို ဒီဇင်ဘာ ၆ ရက်ထက်မစော ၇ ရက်ထက် နောက်မကျဘဲ သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ဦးစီး) ဦးခိုင်အောင်ထံတွင် ရရှိထားသော ဖိတ်စာ၊ နိုင်ငံသားမှတ်ပုံတင်မူရင်းနှင့်တကွ လာရောက်ဆက်သွယ်ထုတ်ယူနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။
**(သတင်းစဉ်)**

## ပထမအကြိမ် အာဆီယံ-အိန္ဒိယ မော်တော်ကားပြိုင်ပွဲ(၂၀၀၄) ပြိုင်ပွဲဝင်ကားများ ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၂၉

**ရှမ်းပြည်နယ် ကျိုင်းတုံမြို့၌ရောက်ရှိနေကြသော ပထမအကြိမ် အာဆီယံ-အိန္ဒိယ မော်တော်ကားပြိုင်ပွဲ (၂၀၀၄)၏ ပြိုင်ပွဲဝင်ကားများ တာလွှတ်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် ကျိုင်းတုံမြို့ရှိ ကျိုင်းတုံ-တာချီလိတ် လမ်းမကြီး၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများ၊ ဒေသခံ ပြည်သူများနှင့် တိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။**

ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အလံဇေ့ယမ်း၍ တာလွှတ်ပေးလိုက်ရာ ပြိုင်ပွဲဝင်ကားများသည် စတင်မောင်းနှင်ထွက်ခွာသွားကြသည်။

ထို့နောက် ပြိုင်ပွဲဝင်ကားများသည် ကျိုင်းတုံ-တာချီလိတ်လမ်းမကြီးအတိုင်း မောင်းနှင်ကြကာ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နယ်စပ်တာချီလိတ်မြို့သို့ ရောက်ရှိကြပြီး မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားကိုဖြတ်သန်း၍ ထိုင်းနိုင်ငံအတွင်းသို့ ဆက်လက်ထွက်ခွာသွားကြသည်။

အဆိုပါ ပြိုင်ပွဲဝင်ကားများ တာချီလိတ်မြို့သို့ ဖြတ်သန်းရာ လမ်းတစ်လျှောက်တွင် ဒေသခံပြည်သူများနှင့် တိုင်းရင်းသား တိုင်းရင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## သာသနာ့ဗိမာန်ရိပ်သာ(အင်းစိန်) တရားစခန်းကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာတွင် သာသနာ့ဗိမာန်ရိပ်သာ ပဓာန နာယကနှင့် မဟာစည်နာယကဆရာတော် ဘဒ္ဒန္တဝါယာမဝှ(မဟာကမ္မဋ္ဌာနာစရိယ) သည် ဒီဇင်ဘာ၁၇ရက်မှ၂၇ရက်အထိ ၁၀ရက်တိုင်တိုင် မဟာသတိပဋ္ဌာန် ဝိပဿနာတရားများကို ဟောကြားပြသမည်ဖြစ်သည်။

ယောဂီများအတွက် စရိတ်ငြိမ်း စိတ်အေးချမ်းသာစွာတရားအားထုတ်နိုင်ရန် စီစဉ်ထားရာ တရားဝင်မည့် ယောဂီများ စာရင်းပေးသွင်းနိုင်ပြီး ဒီဇင်ဘာ၁၆ရက်ညနေ၅နာရီအရောက် လာရောက်ကြရန်နှင့် သာသနာပြုလှူဒါန်းလိုသူများသည်သာသနာ့နုဂ္ဂဟအဖွဲ့ ဖုန်း-၆၄၁၃၂၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**



## တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီးဗိုလ်ချုပ်လှထွန်း ဝန်ထမ်းများအားတွေ့ဆုံ ရိုးဖြောင့်မှု၊ တာဝန်သိမှုဖြင့် ဒေသအကျိုး၊ ဌာနအကျိုးသယ်ပိုး

ရန်ကုန် နိုဝင်ဘာ ၂၉

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့သည် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ၂၇ ရက်က ပုသိမ်မြို့ မြန်မာ့စီးပွားရေးဘဏ် တိုင်းမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော တိုင်း၊ခရိုင်၊ မြို့နယ် ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။**

တွေ့ဆုံပွဲတွင် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ အကောက်ခွန်ဦးစီးဌာန ၊ ပြည်တွင်းအခွန်များ ဦးစီးဌာနနှင့် မြန်မာ့အသေးစား ချေးငွေလုပ်ငန်းတို့မှ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ခံများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြသည်။

တင်ပြချက်များအပေါ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဝန်ထမ်းအသီးသီးသည် ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်စေရန် ဦးတည်ဆောင်ရွက်ရင်းဒေသခံပြည်သူများ ဖွံ့ဖြိုး တိုးတက်ရေးကို အလုပ်အကျွေးပြုရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဝန်ထမ်းများအနေဖြင့် ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေး ဆိုင်ရာလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းကျွမ်းကျင်မှု၊ ရိုးဖြောင့်မှန်ကန်မှု၊ တာဝန်သိမှုတို့ဖြင့် ဒေသအကျိုး၊ ဌာနအကျိုးသယ်ပိုးကြရန် မှာကြားသည်။
**(အပေါ်ပုံ)**
**(သတင်းစဉ်)**

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဟောပြောပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ကြီးမှူး၍ Suntac Technologies Co. နှင့် Geocomp Consulting တို့ ပူးပေါင်းစီစဉ်မှုဖြင့် Surveying & Engineering Toolkit ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိ လှိုင်မြို့နယ် MICT Park အခန်း အမှတ်(၂၀၅)တွင် ပြုလုပ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဖျာပုံတံတား ရေလမ်းကြောင်း အစုန်၊ အဆန်လမ်းသတ်မှတ်ထား

**ရန်ကုန် နိုဝင်ဘာ ၂၉**

ဖျာပုံတံတားတည်ဆောက်ရေးစီမံကိန်းက ရေလယ်တိုင် အမှတ်(၂)ကို တည်ဆောက်ပြီးစီးပြီဖြစ်သဖြင့် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)တို့ကို တစ်ပြိုင်တည်း ဘိုးပိုင်တူးပြီး တည်ဆောက်လျက်ရှိသည်။ ယခုအခါ လုပ်ငန်းဆောင်ရွက်မှုအခြေအနေအရ ရေယာဉ်များသွားလာရန်ရေလမ်းကြောင်းကို နိုဝင်ဘာ ၅ရက်မှစတင်၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂) နှင့် (၃)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့် (၄)အကြားမှလည်းကောင်း သတ်မှတ်ပေးထားသည်။

ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်ရေလယ်တိုင်တွင် အစိမ်းရောင်မြားအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

### အထူးဂရုပြုခုတ်မောင်း

ဖျာပုံတံတားရေလမ်းကြောင်းမှ ဖြတ်သန်းကြမည့် ရေယာဉ်များသည် ရေကြောင်း အန္တရာယ်ကင်းရှင်းစေရေးနှင့် တံတားတည်ဆောက်မှုလုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် ရေယာဉ်နှစ်စင်းယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် စက်ရှိန်လျှော့၍ အထူးဂရုပြုခုတ်မောင်းကြရန်ဖြစ်သည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့်အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရန်ကုန်မြို့ လသာမြို့နယ် ၁၈လမ်း အမှတ်၂၇နေ ကွယ်လွန်သူ ဦးဝမ်လှိုင် (၁၄)နှစ်ပြည့်အားရည်စူး၍ ဒေါ်မြရှိန် သားသမီးမြေးတစ်စုတို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ်လေးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်သို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

**✱ ကျောဖုံးမှ**

ညောင်ဦးမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော ငါ့သရောက်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ မြန်မာ့အလင်းသတင်းအဖွဲ့ နိုဝင်ဘာ ၂၂ ရက်က သွားရောက်လေ့လာခဲ့ကြသည်။

ငါ့သရောက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် မန္တလေးတိုင်း ညောင်ဦးမြို့နယ် အုန်နွဲချောင်းကျေးရွာအနီးတွင် တည်ဆောက်ထားရှိပြီး ဧရာဝတီမြစ်မှ မြစ်ရေကို လျှပ်စစ်ဓာတ်အားအသုံးပြုလျက် ရေပေးသွင်းခြင်းဖြစ်သည်။

### စိုက်ပျိုးရေပေးသွင်း

ငါ့သရောက်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှာ ဧရာဝတီမြစ်ကမ်းနဖူးတွင် ပင်မရေတင်စခန်း တည်ဆောက်ထားရှိပြီး ထပ်ဆင့်ရေတင်စခန်း ၁၇ ခုတို့ဖြင့် စိုက်ပျိုးရေပေးသွင်းရန် ဆောင်ရွက်လျက်ရှိသည်။

ပင်မရေတင်စခန်းမှာ လုပ်ငန်းစတင်ဆောင်ရွက်ခြင်းကို ၂၀၀၁ ခုနှစ် မတ် ၃ရက်မှစတင်ပြီး ပင်မရေတင်စခန်းကို ဧရာဝတီမြစ်မှ အမြင့်ပေ ၆၀ တွင် တည်ဆောက်ထားကြောင်းသိရသည်။

### ဧက ၈၇၀၀ ရေပေးဝေနိုင်

လျှပ်စစ်ရေတင်စက်ဖြင့်ရေများကို အရှည်ပေ၅၆၄၀၀၊ အကျယ် ၈ပေ X ၆ ပေ ရှိသော ရေမြောင်းဖြင့် ရေပေး၍ လက်တံမြောင်း ပေ၁၂၈၇၀၀ဖြင့် စိုက်ပျိုးရေ စီမံကိန်းဧရိယာ ဧက ၈၇၀၀ သို့ ရေပေးနိုင်ရန် ဆောင်ရွက်ထားသည်။

ရေအားလျှပ်စစ်ဖြင့် ရေပေးရာတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက် ၁၆အမ်ဗွီကေ၊ လျှပ်စစ်ဓာတ်အားလိုင်း ၆၆/၁၁ ကေဗွီဓာတ်အားလိုင်း ၁၄မိုင်ဖြင့် ဆောင်ရွက်ရန်စီစဉ်ထားပြီး ရေပိုက်များကို လက်မ၃၀၊ လက်မ၂၀၊ ၁၂လက်မ ပိုက်များဖြင့်စုပ်တင်၍ မြစ်ရေများတင်ပေးမည်ဖြစ်သည်။

ရေတင်လျှပ်စစ်စက်နှင့် ရေပိုက်များတပ်ဆင်ပြီးဖြစ်သောကြောင့် ၂၀၀၃-၂၀၀၄ မိုးစပါးမှ စတင်၍ ရေပေးခဲ့သည်။ ဖက်တန်း၊ကန်တော၊လက်ထုပ်၊ ညောင်လှ၊ သစ်ထောက်ရွာ၊ ရွာသစ်ကုန်းရွာများအထိ ရေပေးလျက်ရှိသည်။ ပြီးခဲ့သည့် နွေစပါးရာသီတွင် စပါးဧက၃၅၀နှင့် ဝါဧက၁၀၀ ကိုလည်းကောင်း၊ ၂၀၀၄-၂၀၀၅ခုနှစ်တွင် မိုးစပါးဧက ၁၀၀၀ကိုလည်းကောင်း လျာထား၍ ရေပေးဝေလျက်ရှိသည်။

ရေအားလျှပ်စစ်ဖြင့် ရေတင်နိုင်ရန်အတွက် ချောက်၊ မြင်းခြံဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားပေးပြီး ရေပေးခြင်းလုပ်ငန်းကို မိုးရာသီနှင့် နွေရာသီတို့တွင် သတ်မှတ်ထားသည့်အတိုင်း ပေးလျက်ရှိကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

## စာအောင်သံဃာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

(၂၅)ကြိမ်မြောက် ငွေရတုသဘင် ဆွမ်းသိမ်းအောင်ပွဲ၊ စာအောင်သံဃာပူဇော်ပွဲနှင့် ပဒေသာပင် စာရေးတံမဲလှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ရက်တွင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်လုံးဆိုင်ရာ သိဒ္ဓိအောင်မွှာရုံ၌ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၂ ရက်တွင် စန်းစသော်တာတေးဂီတအဖွဲ့က ဧည့်ခံဖျော်ဖြေပြီး ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက် ညများတွင် နိဗ္ဗာန်ရောက်ကြောင်းတရားပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မီးသုံးစွဲလျှင် အသိယှဉ်**
**အစဉ်သတိ အမြဲရှိ**

# အေအိုင်ဒီအက်စ်ကင်းစင်ဖို့ အမျိုးသမီးများဘဝမြှင့်တင်စို့

**ဒေါက်တာမင်းသွယ်**

နှစ်စဉ် ဒီဇင်ဘာလ၁ရက်နေ့ကို ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့ဟု သတ်မှတ်ကာ ကမ္ဘာတစ်ဝန်းလုံးတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ လှုပ်ရှားမှုပြပွဲများ၊ ဟောပြောပွဲများ ကျင်းပဆောင်ရွက်လာသည်မှာ ယခုနှစ်ပါဆိုလျှင် ၁၇နှစ်ရှိပြီဖြစ်သည်။ ထိုသို့ ကျင်းပရာတွင် နှစ်စဉ် ဆောင်ပုဒ်များ ချမှတ်ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဒီဇင်ဘာလ ၁ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးနေ့အတွက် ဆောင်ပုဒ်မှာ **“အေအိုင်ဒီအက်စ် ကင်းစင်ဖို့ အမျိုးသမီးများဘဝမြှင့်တင်စို့”** “Women, Girls, HIV and AIDS” ဖြစ်သည်။ ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားများကို ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ ပြည်သူလူထု အသိပညာဗဟုသုတများ ရရှိစေရေးနှင့် ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် ပိုမိုပူးပေါင်း ပါဝင်လာစေရေးအတွက် ဖြစ်သည်။

အေအိုင်ဒီအက်စ်ရောဂါကို တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် တိုက်ဖျက်ရန် လိုအပ်သည်။

အေအိုင်ဒီအက်စ်ရောဂါသည် ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားတွင် ကပ်ရောဂါအသွင်ဖြင့် ကူးစက်ပျံ့နှံ့လျက်ရှိသည်။ ၂၀၀၃ခုနှစ် ဒီဇင်ဘာလအထိ စာရင်းဇယားများအရ ကမ္ဘာပေါ်တွင် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ဖြစ်ပွားမှုသည် အိပ်ချ်အိုင်ဗွီပိုးရှိသူနှင့် အေအိုင်ဒီအက်စ်ဝေဒနာရှင်ပေါင်း ၃၈သန်းရှိပြီး ၎င်းတို့အနက် အမျိုးသမီး၁၇သန်းနှင့် အသက် ၁၅နှစ်အောက် ကလေးပေါင်း ၂ဒသမ၁သန်းပါဝင်သည်။ ၂၀၀၃ခုနှစ် တစ်နှစ်ထဲတွင်ပင် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူပေါင်းမှာ ၄ဒသမ၈သန်းခန့်ရှိပြီး အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးသူပေါင်း ၂ဒသမ၉သန်းခန့်ရှိသည်ဟု သိရသည်။

အာရှတိုက်တွင် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံထားရသူပေါင်း ၇ ဒသမ ၄ သန်းခန့်ရှိပြီး ၂၀၀၃ခုနှစ် တစ်နှစ်တည်းတွင် အေအိုင်ဒီအက်စ်ရောဂါပိုး ကူးစက်ခံရသူ ၁ဒသမ၁သန်းရှိပြီး အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးသူပေါင်း ငါးသိန်းခန့်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ၂၀၀၄ ခုနှစ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကုလသမဂ္ဂ အေအိုင်ဒီအက်စ်အဖွဲ့နှင့် ပူးပေါင်းခန့်မှန်းတွက်ချက်မှုများအရ အိပ်ချ်အိုင်ဗွီပိုးရှိသူဦးရေ ၃၃၈၉၁၁ရှိမည်ဟု သိရသည်။

အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အရေးကြီးသည်။

အတိုချုပ်ဆိုရသော် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံရရန် အန္တရာယ်ပိုများသည့်အပြင် ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများကိုလည်း အမျိုးသားများနှင့်စာလျှင်ပိုမိုခံစားရသောကြောင့် ဖြစ်သည်။

ယနေ့ကမ္ဘာတွင် အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံထားရသူများ၏ ထက်ဝက်ခန့်မှာ အမျိုးသမီးများဖြစ်ကြောင်း တွေ့ရသည်။ လူငယ်လူရွယ်ထုအတွင်း အိပ်ချ်အိုင်ဗွီပိုး ကူးစက်ပြန့်ပွားသည့်နှုန်းသည် လျင်မြန်စွာ တိုးတက်မြင့်မားလျက်ရှိရာ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများတွင် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူများ၏ ၆၇ ရာခိုင်နှုန်းမှာ အသက် ၁၅နှစ်မှ၂၄နှစ်အတွင်းရှိ လူငယ်လူရွယ်များဖြစ်ပြီး အဆိုပါ ကူးစက်ခံရသည့် လူငယ်လူရွယ်များထဲတွင် အမျိုးသမီးများနှင့် မိန်းကလေးများ ၆၄ရာခိုင်နှုန်းခန့် ပါဝင်ကြောင်း တွေ့ရှိရသည်။

ထို့အပြင် ရောဂါကူးစက်ခံထားရသူနှင့်အကာအကွယ်မပါဘဲလိင်ဆက်ဆံမှု တစ်ကြိမ်ပြုလုပ်ရုံမျှနှင့် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရနိုင်ချေသည်။ အမျိုးသားများနှင့်စာလျှင် အမျိုးသမီးများတွင် နှစ်ဆကျော်ပိုမိုများပြားကြောင်း တွေ့ရသည်။ ယနေ့ခေတ်အခါတွင် တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးသည် ဆိုရုံမျှနှင့် အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုအန္တရာယ်ကို ရာနှုန်းပြည့် ကာကွယ်နိုင်မည်မဟုတ်ပါ။ အိမ်ထောင်ဖက်နှစ်ဦးစလုံး အိမ်ထောင်ဖက်အပေါ် သစ္စာရှိသော အိမ်ထောင်ရေးတစ်ရပ်ကို ထူထောင်နိုင်မှသာ အိပ်ချ်အိုင်ဗွီရောဂါကူးစက်မှုကို ကာကွယ်နိုင်မည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများရှိ အသက်၂၀ရှိသူ အမျိုးသမီးများ၏ အိပ်ချ်အိုင်ဗွီပိုးတွေ့နှုန်းကို လေ့လာခဲ့ရာ အိမ်ထောင်ရှိသူ၊ အမျိုးသမီးများအကြားတွင် အိပ်ချ်အိုင်ဗွီပိုးတွေ့နှုန်းမှာ ၎င်းတို့နှင့် အသက်အရွယ်တူသူ အိမ်ထောင်မရှိသူ အမျိုးသမီးများထက် ပိုးတွေ့နှုန်း ပိုမိုများပြားကြောင်း တွေ့ရှိသည်။

အမျိုးသမီးများသည် အမျိုးသားများနှင့်စာလျှင် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါနှင့် ပတ်သက်၍ ဗဟုသုတ နည်းပါးသည်ကိုလည်း တွေ့ရသည်။ ၂၀၀၂ခုနှစ်အတွင်းက ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့မှ နိုင်ငံပေါင်း ၃၈နိုင်ငံတွင် သုတေသနပြုလုပ်မှုအရ အသက်၁၅နှစ်မှ ၂၄နှစ်အတွင်းရှိ အမျိုးသမီးများ၏ အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်မှုနှင့် ပတ်သက်သည့် ဗဟုသုတမှာ အလွန်နည်းပါးကြောင်း တွေ့ရှိရသည်။

အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါကြောင့်အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ရေရှည်တွင် မည်ကဲ့သို့အကျိုးသက်ရောက်မှု ရှိသွားနိုင်မည်ဆိုသည့် အချက်သည် ၎င်းတို့အား ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများ၊ ဘဝနှင့်ဆိုင်သည့် ကျွမ်းကျင်မှုအရည်အချင်းများ၊ အသက်မွေးဝမ်းကျောင်းပညာများ မည်မျှ ဆောင်ရွက်ပေးနိုင်သည်ဆိုသည့် အချက်ပေါ်တွင် မူတည်နေသည်။ ထို့ကြောင့်လည်း ယခုနှစ်အတွက် ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ အခမ်းအနားရက်သတ္တပတ် လှုပ်ရှားမှုများ ဆောင်ရွက်ရာတွင် အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးအတွက် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခန်းကဏ္ဍကို ပိုမိုတိုးမြှင့်သွားရန်၊ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံထားရသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ ၎င်းတို့၏ ဖြစ်ရပ်မှန်များကို အခြားအမျိုးသမီးများနှင့် မိန်းကလေးငယ်များအား မျှဝေပြောကြားခြင်းဖြင့် ၎င်းတို့ကဲ့သို့ အဖြစ်ဆိုးမျိုး မကြုံရစေရန်အတွက်သင်ခန်းစာယူ အသုံးချသွားနိုင်စေရန်အတွက်လည်းကောင်း၊ ရောဂါကူးစက်ခံရနိုင်သည့် အခြေအနေနှင့် ရောဂါကူးစက်ခံထားရသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ကိုယ့်ကိုယ်ကို ယုံကြည်စိတ်၊ ကိုယ့်ကိုယ်ကို အားကိုးလိုစိတ်များ ပြန်လည်ဖြစ်ပေါ်လာစေပြီး လူ့ဘောင်လောကတွင် ၎င်းတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကျိုးပြုလုပ်ငန်းများကို ပြန်လည်လုပ်ဆောင်လာစေရေးစသည့် ဦးတည်ချက်များထား၍ ကျင်းပရခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၁ရက်မှ ၇ရက်နေ့များအတွင်း ရန်ကုန်မြို့နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် နီးနွယ်မှုရှိသော ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ ပူးပေါင်းလျက် ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပခြင်း၊ ကျောင်းသူကျောင်းသားများနှင့် ပြည်သူလူထုအတွင်း စာစီစာကုံးပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲများပြုလုပ်ခြင်း၊ ကျန်းမာရေးပညာပေးဟောပြောပွဲများ၊ စကားရည်လုပွဲများ ကျင်းပခြင်း၊ တီးဝိုင်းများ၊ အလှပြကားများဖြင့် လှည့်လည်ပညာပေးခြင်း၊ အားကစားလှုပ်ရှားမှုပြိုင်ပွဲများ ပြုလုပ်ခြင်းစသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများနှင့် ပတ်သက်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များ၊ လုပ်ငန်းဆောင်ရွက်မှု ကြီးကြပ်ခြင်းများ ပြုလုပ်နိုင်ရန်အတွက် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဗဟိုအဖွဲ့ကို အမျိုးသားကျန်းမာရေးကော်မတီအောက်တွင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ဗဟိုအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို အထောက်အကူပြုစေရန်အတွက် လုပ်ငန်းကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းထားရှိသည်။ အလားတူ သက်ဆိုင်ရာဒေသအလိုက် ခုခံအားကျဆင်းမှုကူးစက် ရောဂါနှင့်ပတ်သက်၍ ဗဟိုနှင့် လုပ်ငန်းကော်မတီမှ ချမှတ်ထားသည့် မူဝါဒများ၊ လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သလို ကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေး နှင့် တိုက်ဖျက်ရေးအဖွဲ့ အသီးသီးကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ စေတနာရှင် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သည့် စီစီအမ်(CCM- County Coordination Mechanism) တစ်ရပ်ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ကာလသားရောဂါများဖြစ်လျှင် အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုအလားအလာ အလွန်များပြားသည့်အတွက် ကာလသားရောဂါများ ကာကွယ်ရေးအနေဖြင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများအား လူငယ်များလေးစား မြတ်နိုးတတ်လာစေရန်ပညာပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများအား ကာလသားရောဂါများကို စောစီးစွာသိရှိပြီး စနစ်တကျနှင့် ထိရောက်စွာ ကုသနိုင်ရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးခြင်း၊ သတ်မှတ်ထားသော ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့်ကွန်ဒုံးသုံးစွဲရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါး သုံးစွဲသူများတွင် အိပ်ချ်အိုင်ဗွီကူးစက်ပြန့်ပွားမှုကာကွယ်ခြင်းအတွက် ပညာပေးလုပ်ငန်းများ၊ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုလျော့နည်းစေရေး လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။ မိခင်မှသန္ဓေသားသို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုမှ ကာကွယ်ရေးလုပ်ငန်းအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များအား နှစ်သိမ့်ဆွေးနွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့်ခင်ပွန်းများအား အိပ်ချ်အိုင်ဗွီ သွေးစစ်ဆေးခြင်း၊ အိပ်ချ်အိုင်ဗွီပိုးတွေ့သော မိခင်နှင့် မွေးလာသော ကလေးကို ဆေးတိုက်ကျွေးခြင်း၊ ကလေးငယ်ပြုစုစောင့်ရှောက်ရေးနှင့် နို့တိုက်ကျွေးခြင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်း၊ အမျိုးသမီးများအား အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု ကာကွယ်ရေး ပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အန္တရာယ်ကင်းသော သွေးသွင်းကုသမှုလုပ်ငန်းအနေဖြင့် စေတနာသွေးလှူရှင်များ စည်းရုံးခြင်းနှင့်ပညာပေးခြင်း၊ လှူဒါန်းထားသော သွေးများကို အိပ်ချ်အိုင်ဗွီပိုးရှိမရှိ သွေးစစ်ဆေးခြင်း၊ HIV Test Kitsများကို တိုက်နယ်ဆေးရုံအဆင့်အထိ ဖြန့်ဝေပေးခြင်း၊ အန္တရာယ်ရှိသောအပြုအမူကို မိမိဘာသာ ဆန်းစစ်စေခြင်း (DONOR DEFERRAL)တို့ ဆောင်ရွက်လျက်ရှိသည်။

လူနာများကိုပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းအဖြစ် နှစ်သိမ့်ဆွေးနွေးပညာပေးသင်တန်းများ ပြုလုပ်ခြင်း၊ မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးမှုခံယူပြီး HIV သွေးစစ်ဆေးခြင်းလုပ်ငန်း၊ Anti-retroviral drugs ကိုဖြန့်ဖြူးပေးခြင်း၊ အေအိုင်ဒီအက်စ်ရောဂါ ကုသရေးသင်တန်းများပြုလုပ်ခြင်း၊ ပြုစုကုသရေးဆိုင်ရာလမ်းညွှန်ချက်များ၊ စာအုပ်များပြုစုထုတ်ဝေခြင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ အိမ်တွင်းပြုစုရေးနှင့် မိသားစုများကို ကူညီစောင့်ရှောက်ရေးဆောင်ရွက်ခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကုလသမဂ္ဂအဖွဲ့အစည်းခုနစ်ခု၊ ပြည်တွင်း လူမှုရေးအသင်းအဖွဲ့ ၁၇ခု၊ နိုင်ငံတကာ လူမှုရေးအသင်းအဖွဲ့ ၁၈ခုတို့နှင့် ပူးပေါင်း၍ လည်းကောင်း၊ နယ်စပ်ဒေသ/ဒေသတွင်း ဒေသဆိုင် ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်းကောင်း၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါကာလသားရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ/ကာလသားရောဂါ တိုက်ဖျက်ရေးနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုများ ပြန်လည်သုံးသပ်ခြင်းနှင့် ရေ့လုပ်ငန်းစဉ်များကို ရေးဆွဲခြင်းစသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရသော် **အေအိုင်ဒီအက်စ်ရောဂါသည် ရောဂါကူးစက်ခံရသူများတွင် နာတာရှည်ဝေဒနာများကို ပြင်းထန်စွာခံစားရစေခြင်း၊ လုပ်အားဆုံးရှုံးမှုကြောင့် မိသားစုဝင်ငွေသာမက တစ်နိုင်ငံလုံး၏ ကုန်ထုတ် စွမ်းအားနှင့် လူနေမှုအဆင့်အတန်းကို ထိခိုက်စေခြင်း၊ အစာရေစာ ငတ်မွတ်ခေါင်းပါးမှု ပြဿနာများဖြစ်ပေါ်စေခြင်း၊ လူငယ်လူရွယ်ထု၏ ပညာရေးကိုပါ ထိခိုက်နစ်နာစေခြင်း၊ အနာဂတ်တွင် ပေါ်ထွက်လာနိုင်မည့် ပညာရှင်လောင်းများ ဆုံးရှုံးရခြင်း စသည့်တို့ကြောင့် ကျန်းမာရေးပြဿနာ သက်သက်မဟုတ်တော့ဘဲ လူ့ဘောင်လောက၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သော ပြဿနာတစ်ရပ် ဖြစ်လာ** ရသည်။ မြန်မာနိုင်ငံတွင် အေအိုင်ဒီအက်စ်ရောဂါကို အရေးကြီးသော ရောဂါတစ်ခုအဖြစ် ဦးတည်ချက်ထား၍ တိုက်ဖျက်လျက်ရှိရာ လူတိုင်းလူတိုင်း၊ မိသားစုတိုင်း၊ အဖွဲ့အစည်း/ဌာနတိုင်းအနေဖြင့် မိမိတို့တစ်ပိုင်တစ်နိုင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင်တိုက်ဖျက်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်း အေအိုင်ဒီအက်စ်ရောဂါဘေးမှ ကင်းဝေးအောင်လုပ်ဆောင်ကြပါစို့ဟု တိုက်တွန်း လိုက်ရပါသည်။ ။

အေအိုင်ဒီအက်စ်ရောဂါသည် ရောဂါကူးစက် ခံရသူများတွင် နာတာရှည်ဝေဒနာများကို ပြင်းထန်စွာ ခံစားရစေခြင်း၊ လုပ်အားဆုံးရှုံးမှုကြောင့် မိသားစုဝင်ငွေသာမက တစ်နိုင်ငံလုံး၏ ကုန်ထုတ်စွမ်းအားနှင့် လူနေမှုအဆင့်အတန်းကို ထိခိုက်စေခြင်း၊ အစာရေစာငတ်မွတ် ခေါင်းပါးမှု ပြဿနာများဖြစ်ပေါ်စေခြင်း၊ လူငယ်လူရွယ်ထု၏ ပညာရေးကိုပါ ထိခိုက်နစ်နာစေခြင်း၊ အနာဂတ်တွင် ပေါ်ထွက်လာနိုင်မည့် ပညာရှင်လောင်းများ ဆုံးရှုံးရခြင်း စသည့်တို့ကြောင့် ကျန်းမာရေးပြဿနာသက်သက်မဟုတ်တော့ဘဲ လူ့ဘောင်လောက၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆိုင်သော ပြဿနာတစ်ရပ် ဖြစ်လာ။

**ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့**

**၂၀၀၄ခုနှစ်၊ ဒီဇင်ဘာလ ၁ရက်**

**World AIDS Campaign**

**1St December, 2004**

**“အေအိုင်ဒီအက်စ်ကင်းစင်ဖို့ အမျိုးသမီးများဘဝမြှင့်တင်စို့”**

**“Women, Girl, HIV and AIDS”**

**ကျန်းမာရေးဝန်ကြီးဌာန**

# ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းငွေး ဓာတ်ငွေ့အရောင်းဆိုင်များစစ်ဆေး သဘာဝဓာတ်ငွေ့ဖြန့်ဖြူးမှုပိုမိုလျင်မြန်သွက်လက်ရေးဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၉

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အင်ဂျင်နီယာချုပ်(သယ်ပို့/စက်ပြင်) ဦးကျော်ငြိမ်းလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်း ပလိပ်မြို့ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ CNG အရောင်းဆိုင်သို့ ရောက်ရှိပြီး သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးမှု ပိုမိုလျင်မြန်သွက်လက်စေရေးအတွက် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။ ထို့နောက် အရောင်းဆိုင်သို့ ရောက်ရှိလာသော မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအား ဓာတ်ငွေ့ဖြန့်ဖြူးမှု စွမ်းအားမြှင့်တင်မည့် အစီအမံများနှင့် မော်တော်ယာဉ်များ ပြုပြင်ပြောင်းလဲခကောက်ယူမည့် အစီအစဉ်တို့ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။ ထို့နောက်ဆိုင်ဝန်ထမ်းများနှင့် ဓာတ်ငွေ့သုံးယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ရင်းနှီးစွာတွေ့ဆုံ၍ သဘာဝဓာတ်ငွေ့ တိုးချဲ့သုံးစွဲရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရှေ့အလားအလာများကို ရှင်းလင်းပြောကြားသည်။**

### မှာကြား

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မြန်မာ့ရေနံထွက်ရောင်းဝယ်ရေးလုပ်ငန်း မန္တလေးပင်မ ရေနံသိုလှောင်ဖြန့်ဖြူးရေးဌာန အထွေထွေမန်နေဂျာနှင့် မန္တလေးတိုင်းရောင်းဝယ်ရေးအရာရှိတို့နှင့် အတူ စက်သုံးဆီ အရောင်းဆိုင်အမှတ် (၀၆၁၇)နှင့် ဆိုင်အမှတ် (၀၆၃၃) တို့သို့လည်းကောင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ရေနံဓာတ်ငွေ့ရည် LPG အရောင်းဆိုင်သို့လည်းကောင်း သွားရောက်စစ်ဆေးကာ စက်သုံးဆီ/ ရေနံဓာတ်ငွေ့ရည်များ မှန်ကန်မြန်ဆန်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေး၊ အလွဲသုံးစားမှု၊ လေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ ဆိုင်လုံခြုံရေးနှင့် မီးကာကွယ်ရေးများကို စီမံချက်ဖြင့် စနစ်တကျ ဆောင်ရွက်ထားရှိရေး၊ အရောင်းဆိုင်များ သပ်ရပ်တင့်တယ်မှု ရှိစေရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



Kasco Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအပြီးတွင် အောင်ပွဲရ ဂေါက်သီးရိုက်အားကစားသမားများအား Myanmar P.G.A နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့်အတူ တွေ့ရစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

# ကက်စ်ကိုအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၂၉**

Myanmar P.G.A နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၄ခုနှစ် ပထမအကြိမ် Kasco Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် မန္တလေးမြို့ ရွှေမန်းတောင် ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။




### အကောင်းဆုံးရိုက်ချက်

ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ကျင်း ကစားအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မောင်ပုက အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် နေ့အလိုက်အကောင်းဆုံး ရိုက်ချက်ဆု ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများအား လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းက Professional Golfer ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆု ရရှိကြသူတို့အား လည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းက အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၁၁ချက် လျှော့ရိုက်ပြီး စုစုပေါင်း ၂၇၇ချက်ဖြင့် ပထမရရှိသော ဇော်ဇင်ဝင်းအား ဆုများနှင့်အတူ Air Bagan မှ ချီးမြှင့်သော ရန်ကုန်–မန္တလေး–ရန်ကုန် အသွားအပြန် လေယာဉ်လက်မှတ်ကိုပါ ချီးမြှင့်ပြီး စုစုပေါင်း ၂၈၁ ချက်ဖြင့် ဒုတိယရရှိသော မျိုးမင်းအောင်နှင့် စုစုပေါင်း ၂၈၉ချက်ဖြင့် တတိယရရှိသော သိန်းဇော်မြင့်တို့အား ဆုများကို ချီးမြှင့်သည်။

ယင်းနောက် Myanmar P.G.A နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Professional Golfer ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၁၁ချက်လျှော့ရိုက်ပြီး စုစုပေါင်း ၂၇၇ချက်ဖြင့် ပထမရရှိသော စိုးကျော်နိုင် (Srixon)အား ဆုဖလားနှင့်အတူ Air Bagan မှ ချီးမြှင့်သော ရန်ကုန်–မန္တလေး–ရန်ကုန် အသွားအပြန် လေယာဉ်လက်မှတ်ကိုပါ ချီးမြှင့်ကာ သတ်မှတ်ရိုက်ချက်ထက် ၁၁ချက်စီ လျှော့ရိုက်ကြပြီး ၂၇၇ချက်စီဖြင့် (ရိုက်ချက်တူ) ပူးတွဲဒုတိယ ရရှိကြသော Srixon မှ မင်းနိုင်၊ ကျော်စွာလင်းနှင့် ဇော်ဇော်လတ်တို့အား ဆုများကို ချီးမြှင့်ကြသည်။

### ဂုဏ်ပြုလက်ဆောင်

ဆက်လက်၍ Kasco မှ မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ် Heritage Sports and Golf Co., Ltd. ဥက္ကဋ္ဌ ဦးစိန်သန်းဝေက Professional Golfers ပြိုင်ပွဲတွင် ပထမရရှိသော စိုးကျော်နိုင်(Srixon)အား ဆုကြေးချက်လက်မှတ်ကိုပေးအပ်ပြီး Myanmar P.G.A နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)အား ပြိုင်ပွဲ၏ အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ ဥက္ကဋ္ဌက လက်ခံသည်။

**(သတင်းစဉ်)**

# ဦးသန်းထွန်း(ရွှေဘို)၏ ပုဂံအကြိုသမိုင်းခြေရာများ စာအုပ်ထွက်ပြီ



**ရန်ကုန် နိုဝင်ဘာ ၂၉**

ပုဂံအကြိုသမိုင်းကို လိုရာဆွဲ မတွေးဘဲ သမိုင်းဖြစ်ရပ်မှန် အထောက်အထားများအပေါ်အခြေခံပြီး ဓမ္မဓိဋ္ဌာန်ကျကျ မျှတစွာ ရေးသားဖော်ပြထားသည့်အပြင်၊ ပုဂံမတိုင်မီသမိုင်းကြောင်းဖြစ်ရပ်ကို သိလို၊ လေ့လာလိုသူများနှင့် ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များအတွက် နိုင်ငံ့ဂုဏ်ရည် စာပေတိုက် ဖုန်း–၃၇၄၅၃၂ က ဒုတိယအကြိမ် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိထားသည်။ **(အပေါ်ယာပုံ)**

ဂူးဖရီစက္ကူ အဖြူချော တစ်အုပ်လျှင် ကျပ် ၅၀၀နှုန်းဖြင့် ရန်ကုန်မြို့ စာအုပ်ဆိုင် ကြီးများ၊ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေတို့နှင့် နိုင်ငံ့ဂုဏ်ရည် စာပေတိုက်၏ ကိုယ်စားလှယ် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**နိုဝင်ဘာ ၂၉ရက်က ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲကို မြို့မကြက်တောင်အားကစားရုံတွင် ဆက်လက်ကျင်းပရာ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် သီဟသောင်းနှင့် ကျော်မင်းထွန်း(အား/ကာသိပ္ပံ)၏ ယှဉ်ပြိုင်ဟန်ကို တွေ့ရစဉ်။**

**(မြန်မာ့အလင်း)**



### ● ကျောဖုံးမှ

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၂) ဦးကိုကိုထွေးက တတိယဆုရ ပို့ဆောင်ရေးအသင်းအား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်၁၀သိန်းကို လည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဒုတိယဆုရ စီးပွား/ကူးသန်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း၂၀ကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပထမဆုရ မြို့တော်စည်ပင်အသင်းအား ပထမဆုဖလား၊ ဆင့်ပွားဖလားနှင့် ဆုကြေးငွေကျပ် သိန်း၃၀ကို ပေးအပ်ချီးမြှင့်သည်။

**(မြန်မာ့အလင်း)**

# ဒို့ကျေးရွာ ဂျာနယ်

ဒို့ကျေးရွာဂျာနယ်သည် မြန်မာနိုင်ငံ လူဦးရေ၏ အများဆုံးသော ကျေးလက်နေ ပြည်သူများအတွက် ကိုယ်စားပြုရန် ရည်ရွယ်ပါသည်။



ထို့ကြောင့် **“ဒို့ကျေးရွာ”** ဂျာနယ်သည် ကျေးလက်တောင်သူတို့၏ ကြေးမုံပြင် တစ်ချပ်ဟုလည်း ဆိုနိုင်ပါသည်။

ဒို့ကျေးရွာ ဂျာနယ် အတွဲ(၁)၊ အမှတ်(၃) ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁ရက် (ဗုဒ္ဓဟူးနေ့)ထွက် နေပြီ ဖြစ်သည်။

**အတွဲ(၁)၊ အမှတ်(၃)တွင်–**

- **ရိတ်သိမ်းနယ်လှေ့ချိန်တွင် ရှောင်ရန်နှင့်ဆောင်ရန်**
- **ပဲတီစိမ်း သီးထပ်စိုက်မည်ဆိုလျှင်**
- **ကြက် ဝမ်းကျရောဂါ**
- **ကျေးရွာဘဝကို သတင်းစာက ပြောပြနေသည်**
- **မြန်မာနိုင်ငံမှ ထန်းပဒေသာပင်**
- **ဘကြီးအိမ်က ပျိုးပုတ်ကလေး**

စသည့် ဖတ်ဖွယ်၊ မှတ်ဖွယ်၊ လေ့လာဖွယ်ရာများ စုံစုံလင်လင်ပါရှိသည်။

**(သတင်းစဉ်)**

# ရုတ်တရက်တိုက်ခတ်သည့်လေပြင်းဒဏ်ကြောင့် မြောက်ဦးမြို့နယ်တွင် ရေယာဉ်သုံးစင်း တိမ်းမှောက်နစ်မြုပ်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရခိုင်ပြည်နယ်အတွင်း နိုင်ငံခြားခရီးသွား ၁၄ဦးတို့သည် ရေယာဉ်လေးစင်းဖြင့် နိုဝင်ဘာ၂၈ရက် ညနေ ၆နာရီခွဲတွင် စစ်တွေမြို့မှ မြောက်ဦးမြို့သို့ လေ့လာရေးခရီးအဖြစ် ထွက်ခွာလာကြရာ ည၇နာရီခွဲခန့်တွင် မြောက်ဦးမြို့၏ အနောက်ဘက် ငါးမိုင်ခန့်အကွာ ပျားတဲကျေးရွာနှင့် ကံသာယာကျေးရွာအကြား စူးရစ်ချောင်း၊ သံတရာချောင်းနှင့် ဘောမြစ်တို့ဆုံသော မြစ်ပြင်ကျယ်အရောက်၌ ရုတ်တရက်တိုက်ခတ်လာသည့် လေပြင်းဒဏ်ကြောင့် ရေယာဉ်လေးစင်းအနက် သုံးစင်းမှာ တိမ်းမှောက်နစ်မြုပ်သွားခဲ့ရာ ကျန်ခရီးသွားများကို ကယ်တင်နိုင်ခဲ့သော်လည်း အီတလီနိုင်ငံသား အမျိုးသားနှစ်ဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ငါးဦး အသက်ဆုံးရှုံး၍ အလောင်းများကို ဆယ်ယူရရှိခဲ့ပြီး ဧည့်လမ်းညွှန် ဦးစောသိန်းထွန်းလည်း ပျောက်ဆုံးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အင်အားပြင်းငလျင်လှုပ်

ရန်ကုန် နိုဝင်ဘာ ၂၉

**၂၀၀၄ခုနှစ် နိုဝင်ဘာ ၂၉ရက် မြန်မာစံတော်ချိန် ဝ၁နာရီ ၁၀မိနစ် ၅၂စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင်၃၀၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၇ဒသမ၀ အဆင့်ရှိ အင်အားပြင်းထန်သော မြေ ငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။**

# ချမ်းအေးသာစံမြို့နယ် ကြွခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စုပေါင်းဘုံကထိန် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အမှတ်(၁)စက်မှုဝန်ကြီး ဦးအောင်သောင်း တက်ရောက် သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၉

**မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ၂၇ရက် နံနက်၉နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် တောင်စလင်းကျောင်းတိုက်သစ် မဟာအောင်မြေမွေ့ဗိမာန်၌ ကျင်းပသည်။**

### ငါးပါးသီလခံယူ

အစီအစဉ်အရ တောင်စလင်းကျောင်းတိုက်သစ်ပဓာနနာယက ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိက္ခထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာကြားကြသည်။

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ပရိသတ်များသည် သံဃာတော် အရှင်သူမြတ်တို့အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။**(ယာပုံ)**

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တတိက္ခထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်ချအမျှဝေကာ အခမ်းအနားကို ရုပ်သိမ်းသည်။

### ကြည့်ရှုစစ်ဆေး

မွန်းတည့် ၁၂နာရီတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်မြို့သို့ ရောက်ရှိပြီး မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပြင်ဦးလွင် ဆေးဝါးစက်ရုံ စီမံကိန်းသို့ရောက်ရှိပြီး Tablets& Capsules ဌာန၏ စက်များ တပ်ဆင်ထားရှိမှု အခြေအနေများနှင့် Water Distill Plant ရှိ စက်များ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် Damin Plant ရှိ စက်များ တပ်ဆင်ပြီးစီးမှု အခြေအနေနှင့် Mixer/Granulator ဌာန၏ စက်များ တပ်ဆင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

### ဆွေးနွေးမှာကြား

ဆက်လက်၍ ဝန်ကြီးသည် Tablet Press ၏ စက်စမ်းသပ် လည်ပတ်မှု၊ Film Coating ၏ စက်စမ်းသပ်မှုနှင့် Drying Oven F.B.D ဌာနများရှိ စက်စမ်းသပ်လည်ပတ်နေမှု အခြေအနေများနှင့် စက်စမ်းသပ်လည်ပတ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက မှာယူထားသည့် စက်ပစ္စည်းများ အမြန်ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်သွားရေး၊ ရောက်ရှိပြီး စက်ပစ္စည်းများကို အမြန်တပ်ဆင်၍ စက်များ လည်ပတ်ထုတ်လုပ်နိုင်ရေး၊ GMP စနစ်နှင့်အညီ စနစ်တကျ အစီအမံများထားရှိဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးမှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးအား တည်ဆောက်ပြီးဖြစ်သည့် Quality Control အဆောက်အအုံနှင့် Galenic Product Department ဆောက်လုပ်ရန်နေရာ၊ Syrups Department တည်ဆောက်မည့်နေရာ၊ Work Shop တည်ဆောက်မည့်နေရာများကို မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက မြို့ပြဆိုင်ရာ ဆောင်ရွက်မှုကိစ္စအဝဝကို အမြန်ပြီးစီးရေး ဆောင်ရွက်သွားကြရန်နှင့် မှာယူထားသည့်ပစ္စည်းများ အချိန်မီရောက်ရှိရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရေး မှာကြားသည်။



ထို့နောက် ဝန်ကြီးအား စက်ရုံ ရှင်းလင်းဆောင်၌ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦး၊ အထွေထွေမန်နေဂျာ ဦးတင်မောင်ဝင်းတို့က စက်ရုံတည်ဆောက် ပြီးစီးမှုနှင့် ဆက်လက် တည်ဆောက်နေသည့် စက်ရုံများကိစ္စ၊ စက်တပ်ဆင်ပြီးစီးမှုနှင့် စက်စမ်းသပ်လည်ပတ်မှု ကိစ္စများကို ဓာတ်ပုံဆလိုက်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်သွားရေး၊ စက်ရုံဝန်းကျင် စိမ်းလန်းသာယာရေးအတွက် သစ်ပင်ပန်းမန်များ စိုက်ပျိုးရေး၊ စည်းရိုးများ ကာရံရေးတို့ကို စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် နိုင်ငံခြားသားပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

### ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်

ညနေ၄နာရီခွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မန္တလေးတိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံရာ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များက စည်းရုံးရေးကိစ္စရပ်များ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြကြရာ ဗဟိုအတွင်းရေးမှူးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)က ချမှတ်သော ရှေ့လုပ်ငန်းစဉ်များကို လုပ်ငန်းလမ်းညွှန်ချက်အဖြစ် လိုက်နာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းစဉ်(၅)ရပ်ကို ဆက်လက်အကောင်အထည်ဖော်ရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး အတွက် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# သနပ်ပင်ကမာစဲစံပြကျေးရွာ သဘာဝဇီဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့် ကျေးရွာပြည်သူများ အသိအမြင်ဗဟုသုတကြွယ်ဝပြီး လူမှုစီးပွား မြင့်မားလာမည်

ရန်ကုန် နိုဝင်ဘာ ၂၉

**ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုသည် နိုဝင်ဘာ၂၇ရက် နံနက်၈နာရီတွင် ကျင်းပသည့် ပဲခူးတိုင်း ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကမာစဲစံပြကျေးရွာ ကျေးရွာစွန့်ပစ်ပစ္စည်းသုံး သဘာဝဇီဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ဂုဏ်ပြုစကား ပြောကြားသည်။**

အခမ်းအနားတွင် သနပ်ပင်မြို့နယ် ကမာစဲစံပြကျေးရွာ ကျေးရွာစွန့်ပစ်ပစ္စည်းသုံး သဘာဝဇီဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ သနပ်ပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ကျေးရွာလျှပ်စစ် မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းဋ္ဌေးတို့က ကမာစဲစံပြကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများနှင့် အကျိုးကျေးဇူး ခံစားရရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

### ငွေကျပ် ၁၀သိန်းလှူဒါန်း

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ကိုကိုအား ကမာစဲစံပြကျေးရွာ ကျေးရွာစွန့်ပစ်ပစ္စည်းသုံး သဘာဝဇီဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအထိမ်းအမှတ်အလံကို စက်ရုံတည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ပေးအပ်သည်။ ဆက်လက်၍ ကမာစဲစံပြကျေးရွာ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးအတွက် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းသည်။

### လျှပ်စစ်ဓာတ်အားစတင်လွှတ်ပေး

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီးနောက် လျှပ်စစ်ဓာတ်အားပေး ခလုတ်ကိုနှိပ်၍ ကျေးရွာသို့ လျှပ်စစ်ဓာတ်အားများ စတင်လွှတ်ပေးသည်။ တိုင်းမှူးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အားပေးစက်ကို လှည့်လည်ကြည့်ရှုကြရာ လျှပ်စစ်ဓာတ်အားပေးစက် တီထွင်တည်ဆောက်သူ မြန်မာ့တီထွင်သူများ သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးစိုးတင့်အောင်က ရှင်းလင်းပြသသည်။

ကမာစဲစံပြကျေးရွာ ကျေးရွာစွန့်ပစ်ပစ္စည်းသုံး၊ သဘာဝဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဒေသတွင် အများအပြားနှင့် လွယ်လင့်တကူ ရရှိနိုင်သည့် စပါးခွံမှဓာတ်ငွေ့ထုတ် အသုံးပြုနိုင်အောင် မြန်မာ့တီထွင်သူများ သမဝါယမအသင်းမှ တည်ဆောက်ပေးခြင်း ဖြစ်သည်။ ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၅၀ထုတ်လုပ်ကာ ညနေ ၆နာရီမှ ၁၁နာရီအထိ လျှပ်စစ်မီးများ လွှတ်ပေးထားရာ အိမ်သုံးမီးအချောင်း ၄၀၀ ရှိပြီး လမ်းမီးချောင်း ၆၀နှင့် စေတီပုထိုး ခြောက်ဆူ၊ ဘုန်းတော်ကြီးကျောင်းခုနစ်ကျောင်း၊ အလက၊ ဆေးပေးခန်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ လူမှုရေးအဖွဲ့အစည်းများသို့ လျှပ်စစ်မီးများ လှူဒါန်းထားနိုင်ကြောင်း သိရသည်။

### တစ်လဒီဇယ်ဆီဂါလန် ၂၄၀သက်သာ

ယခုကဲ့သို့ ကျေးရွာလျှပ်စစ်မီးရရှိသဖြင့် ကျေးရွာနေ ပြည်သူများ အသိအမြင် ဗဟုသုတကြွယ်ဝပြီး လူမှုစီးပွားဘဝမြင့်မားလာသည့်အပြင် ကျေးရွာလုံခြုံရေးအတွက်လည်း ပိုမိုအထောက်အကူပြုနိုင်သည်။ ထို့ပြင် ဒီဇယ်ဆီနှင့် စက်လည်ပတ်မည်ဆိုပါက တစ်ညဒီဇယ်ဆီ ရှစ်ဂါလန်နှုန်းဖြင့် တစ်လအတွက် ဒီဇယ်ဆီ ဂါလန် ၂၄၀ကုန်ကျမည်ဖြစ်ရာ ယခုစပါးခွံဖြင့် တစ်လတင်း ၁၅၀၀သာ ကုန်ကျသည့်အတွက် တစ်လလျှင် ဒီဇယ်ဆီ ဂါလန် ၂၄၀သက်သာအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျောက်ပန်းတောင်း အထက(၂) အာစရိယ ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်ယခင်စံပြကျောင်းဟောင်းဆရာ ဆရာမများနှင့်၊ အထက(၂) ဆရာ ဆရာမကြီးများအား သတ္တမအကြိမ် အာစရိယ ပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် (နတ်တော်လပြည့်) တနင်္ဂနွေနေ့ မွန်းလွဲ၂နာရီတွင် အထက(၂) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လှူဒါန်းလိုပါက ကိုဝင်းနိုင် ဖုန်း- ၀၆၁-၅၀၅၇၁၊ ကိုဌေးလွင် ဖုန်း-၀၁-၆၆၆၄၅၆၊ ကိုဆန်းဗိုလ် ဖုန်း-၀၁-၆၈၂၄၇၁၊ မသန်းသန်းဝင်း ဖုန်း-၀၁-၂၄၈၀၂၀၊ ကိုဗိုလ်ကျော် ဖုန်း၀၆၁-၅၀၆၁၁၊ မအေးမြင့်သန်း အထက(၂)ဖုန်း၀၆၁-၅၀၅၈၆၊ ကိုဝင်းမောင်(မန်း)တစ်ဆင့်ဖုန်း-၀၂-၃၂၁၇၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**နိုဝင်ဘာ၂၃ရက်က တွံတေးမြို့နယ် ပညာရေးမှူးရုံးက ကြီးမှူးပြီး တွံတေး မြို့နယ် ပညာရေးမိသားစု၏ ပထမ အကြိမ်မြောက် မဟာဘုံကထိန်ပွဲကို အဆိုပါရုံး၌ကျင်းပရာ ပဒေသာပင်များ မြို့တွင်းလှည့်လည်လာကြစဉ်။**

(က-ပ)

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ်အောက်မငယ်ရ(၁၉)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဘူးသူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊(၃) လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် ၂၉-၁၁-၂၀၀၄ ရက်နေ့မှစတင်၍ အခမဲ့ ရယူပြီး ၇-၁-၂၀၀၅ ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ် ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း) နှင့် (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် (၉) နာရီ မှ (၁၁) နာရီထိ။

(ခ) **သင်္ချာ** ။ မွန်းလွဲ (၁) နာရီ မှ (၃) နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ် စာမေးပွဲအောင်မြင်သူများကို **တောင်ကြီးမြို့** တွင် လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေး ခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်း စစ်စာမေးပွဲအောင်စာရင်းနှင့် သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် (၁-၂-၂၀၀၅) မှ(၄-၂-၂၀၀၅) ရက်နေ့များအတွင်းမေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၄၅၀၀ိ/-)၊ ဒုတိယနှစ်(၅၀၀၀ိ/-)ရရှိမည်။ သင်တန်း အောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့် စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေး စည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ်ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါလျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ်တာဝန်ထမ်းဆောင် ရမည်။



ဖြူးမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ကျေးလက်ဒေသ သောက်သုံးရေခက်ခဲသော ကျေးရွာများတွင် နှစ်လက်မတွင်းတိမ်များ တူးဖော်ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် တွင်းတူးတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးမျိုးမြတ်စိုးတို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

# တောင်ကြီး အေးသာယာ၌ စာကြည့်တိုက်ဖွင့်၊ ရေရှည်တည်တံ့ရေးရှင်းလင်း

တောင်ကြီး နိုဝင်ဘာ ၁၀

**တောင်ကြီးမြို့နယ် အေးသာယာအမှတ်(၃)ရပ်ကွက်တွင် နိုဝင်ဘာ ၄ ရက်က လက်ဆင့်ကမ်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေမေနီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီး အရာရှိ ဒေါ်မေမေနီက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်း ရှင်းလင်းပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ခရိုင်ဦးစီးအရာရှိက မဂ္ဂဇင်းမျိုးစုံ အုပ်ရေ ၁၀၀၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးက သုတ၊ ရသစာအုပ်မျိုးစုံအုပ်ရေ ၂၀၀ကို စာကြည့်တိုက်ကော်မတီသို့ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်အတွက် စာအုပ်၊ ပရိဘောဂ၊ ပစ္စည်းများအတွက် လှူဒါန်းငွေစုစုပေါင်းမှာ ကျပ် ၆၀၀၀၀ ဖြစ်သည်။**(ခရိုင်ပြန်/ဆက်)**

# ကျေးလက်ပြည်သူများ ဗဟုသုတတိုးပွားစေရေး ကျောက်တော်မြို့နယ်၌ဘဝအလင်းစာကြည့်တိုက်ဖွင့်

ကျောက်တော် နိုဝင်ဘာ ၁၀

**ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးဌာနက ကျေးလက်ပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားစေရေးအတွက် ကျောက်တော်မြို့နယ် တောင်ဘွယ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ဘဝအလင်းစာကြည့်တိုက်ဖွင့်ပွဲကို ကျေးရွာအခြေခံပညာ မူလတန်းကျောင်းဆောင်တွင် အောက်တိုဘာ ၁၇ရက်က ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးမြသန်းနှင့် တောင်ဘွယ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးအောင်ကျော်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

ရှေးဦးစွာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးအောင်ကျော်ညွန့်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးမြသန်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်၊ စာစောင်မျိုးစုံ ပေးအပ်လှူဒါန်းကြရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီဝင် ဦးအောင်ကျော်ညွန့်က လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

# အလင်းစေတမန် ကျေးရွာစာကြည့်တိုက်ဖွင့်

ပျော်ဘွယ် နိုဝင်ဘာ ၁၅

**ပျော်ဘွယ်မြို့နယ် ကုန်းသာကျေးရွာ အလင်းစေတမန် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ရက်နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်တွင် ကျင်းပသည်။**

**အမှာစကားပြော**

ရှေးဦးစွာ အလင်းစေတမန် စာကြည့်တိုက်ကို အလှူရှင် ဦးအောင်မြင့်၊ ဒေါ်သုခတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးချုပ်မှ ပေးပို့သော သုတ၊ ရသ စာအုပ် ၅၅ အုပ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မေစောမွန်က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်နီနီဝင်းက လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**



# ခင်ဦး၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

**ခင်ဦး နိုဝင်ဘာ ၁၅**

ခင်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၃ရက် နံနက် ၉နာရီက မြို့နယ်အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးကျော်တင့်က စာကြည့်တိုက် အကြောင်းကိုလည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးစိုးဝေအောင်က ပြန်ကြားရေးဝန်ကြီးဌာနအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ စာကြည့်တိုက် လက်ထောက်(၃) ဦးအောင်မင်းက မျိုးတူစုလုပ်ငန်းကို လည်းကောင်း ဟောပြောကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေနုတ်မြောင်းစုပေါင်းတူးဖော်

**ရေဦး နိုဝင်ဘာ ၂၂**

ရေဦးမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီက ဦးဆောင်၍ ရေဦး–ဒီပဲယင်း ကားလမ်းဘေး ဝဲယာတစ်လျှောက် မုတ်စီကျေးရွာအနီးတွင် ရေနုတ်မြောင်း အရှည်တစ်မိုင်၊ အကျယ် ၁၅ပေ၊ အနက်သုံးပေရှိသောရေနုတ်မြောင်းကို မုတ်စီကျေးရွာမှ တောင်သူများက နိုဝင်ဘာ ၁၂ရက်က စုပေါင်းတူးဖော်ဆောင်ရွက်ကြသည်။

အဆိုပါရေနုတ်မြောင်း စုပေါင်းတူးဖော်ဆောင်ရွက်ရာသို့ မြို့နယ် ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှူး ဦးမြင့်ဆွေနှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးဆွေတို့က ကြီးကြပ်ဆောင်ရွက်ကြသည်။ **(အောက်ပုံ)(၃၇၈)**



# ပြင်ဦးလွင်ခရိုင်၌ ကျေးရွာစာကြည့်တိုက်ဖွင့်

မတ္တရာ နိုဝင်ဘာ ၁၄

**မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် လက္ကောင်းကြီးကျေးရွာအုပ်စု ငါးလုံးပြွန်–ရှမ်းရွာကျေးရွာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ကြီးမှူးဖွင့်လှစ်သည့် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၈နာရီက အဆိုပါကျေးရွာတွင် ကျင်းပသည်။**

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမျိုးညွန့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရပ်/သံ(၃) ဒေါ်ဆွေဆွေတင့်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာပေဖတ်ရှုရခြင်း၏ အကျိုးတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျေးရွာစာကြည့်တိုက်အတွက် စာအုပ် ၆၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက စာအုပ်၅၀နှင့် အလှူရှင်များ လှူဒါန်းသည့် စာအုပ်မျိုးစုံ ၃၆၄အုပ်တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

**သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင် ဦးဆောင်သော ဝန်ထမ်းများ စမ်းမာလာပန်းခြံအတွင်း နိုဝင်ဘာ ၁၂ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။** (က–ပ)



# အရာတော်မြို့နယ်၌ ကျေးရွာစာကြည့်တိုက်ဖွင့်

**အရာတော် နိုဝင်ဘာ ၁၀**

မုံရွာခရိုင် အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပညာရေးကော်မတီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၉ရက်နံနက်က သခွတ်ပင်လည်ကျေးရွာ၌ ပြည်သူ့အလင်းရောင် ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ကျင်းပရာ သခွတ်ပင်လည်ကျေးရွာ ရွှေသိမ်တော်ကျောင်းတိုက် နာယကဆရာတော် ဦးကောဏ္ဍည၊ မြို့နယ်အတွင်းရေးမှူး ဦးစိုးစိုးအောင်နှင့် မြို့နယ်မွေးမြူ ရေးနှင့် ကုသရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာမြင့်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**တည်တံ့ရေး**

ဆက်လက်၍ မြို့နယ်အတွင်းရေးမှူး ဦးစိုးစိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းလွင်ဦးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အကြောင်းကို ဆွေးနွေးဟောပြောကြသည်။

**လှူဒါန်း**

ထို့နောက် စာအုပ်အလှူရှင် ၁၀ဦးက သုတ၊ ရသစာအုပ်မျိုးစုံ ၂၅၀ တို့ကို ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ရွှေသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



နေပြည်တော်မြို့နယ် ကျုံတနီး ကျေးရွာ ပန်းတောက်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဉာဏဗလ အား အမှူးထား၍ ပန်း တောက်ကျောင်း တိုက်၏ (၁၉)ကြိမ် မြောက် ဘုံကထိန် ပွဲကို နိုဝင်ဘာ ၁၅ ရက်က ကျုံတနီး ကျေးရွာမှ အလှူရှင် ဦးဖိုးစို၊ ဒေါ်ရွှေစာ မိသားစုက အလှူ ငွေကျပ် သုံးသိန်း၊ ကျုံတနီး အထက(ခွဲ) ကျောင်းအုပ်ဆရာမကြီးဒေါ်တင်တင်သန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကစုပေါင်း၍ အလှူငွေကျပ်နှစ်သိန်း၊ ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ဝ၁၅)

# ကျိုက်ထိုမြို့နယ် သရက်ကုန်းကျေးရွာ စာကြည့်တိုက်ဖွင့်

ကျိုက်ထို နိုဝင်ဘာ ၂၃

**ကျိုက်ထိုမြို့နယ် သရက်ကုန်းကျေးရွာတွင် ရောင်ခြည်ဦး ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၇ ရက်က ကျင်းပသည်။**

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်ခင်စောလင်းနှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောစိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

**ပေးအပ်လှူဒါန်း**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသောစာအုပ် ၅၀ ကို မြို့နယ်ဦးစီးမှူးက ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**



# အမြို့မြို့ အနယ်နယ် သတင်းများ

**အောက်တိုဘာ ၁၅ ရက်က သန်လျင်မြို့ အဝင်လမ်းမ တစ်လျှောက် ပန်းအလှပင်များ ရာသီအလိုက် ဖူးပွင့်ခြင်း၊ ရွှေ့ပြောင်း ပန်းအိုးများတွင် ဥယျာဉ်မှူးနှင့်အဖွဲ့က မြေဩဇာကျွေးခြင်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# ပန်းတနော်–ရွှေမြင်တင် ကတ္တရာလမ်း လမ်းမျက်နှာပြင်ညှိခြင်းလုပ်ငန်း ဆောင်ရွက်

**ပန်းတနော် နိုဝင်ဘာ ၂၆**

ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပန်းတနော်–ရွှေမြင်တင်ဘုရားလမ်း ကတ္တရာလမ်းခင်းရန်အတွက် နိုဝင်ဘာ ၂၀ ရက်က ယာဉ်ယန္တရားများဖြင့် လမ်းမျက်နှာပြင် ညှိခြင်းလုပ်ငန်း ဆောင်ရွက်ကြသည်။

အဆိုပါလမ်းလုပ်ငန်းဆောင်ရွက်မှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်၊ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ငွေနှင့် အဖွဲ့က ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးအောင်သန်းလွင်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးကျော်ဇင်ဝေတို့က ရှင်းလင်း တင်ပြကြသည်။ **(အောက်ပုံ)**

(၂၂၇)



# ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**ဆွမ်ပရာဘွမ် နိုဝင်ဘာ ၅**

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ ဆွမ်ပရာဘွမ်မြို့တွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကမြို့တွင်းလမ်း နှင့်ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၁၂ ရက်က အဖွဲ့ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဒေဝအောင်တို့က ကြီးကြပ်ဆောင်ရွက်ကြသည်။

**(ပြည်နယ်စည်ပင်)**



# ကျောက်ဖြူမြို့နယ်စုပေါင်းဘုံကထိန် ရေစက်ချမင်္ဂလာ ကျင်းပ

ကျောက်ဖြူ နိုဝင်ဘာ ၁၈

**ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော စတုတ္ထအကြိမ် ခရိုင်နှင့် မြို့နယ်၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်၊ အလှူရှင်များ၏ စုပေါင်းဘုံကထိန်ပွဲတော် ရေစက်ချအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက်က ကျောက်ဖြူမြို့ သာသနာ့ဗိမာန်၌ ကျင်းပသည်။**

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နဂါးပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စက္ကိန္ဒာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

**ဆက်ကပ်**

ဆက်လက်၍ ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးတင့်က သာသနာရေးဆိုင်ရာ လျှောက်ထားပြီး အောင်မြေရတနာစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ (ပါဠိပါရဂူ)ထံသို့ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းသည်။

**ရေစက်ချ**

ထို့နောက် အောင်မြေရတနာစာသင်တိုက်ဆရာတော်ဘဒ္ဒန္တကုဏ္ဍလာဘိဝံသက ကထိန်အနုမောဒနာတရားနှင့် ရေစက်ချတရား ချီးမြှင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ဗီဒီယိုရုံများ စည်းကမ်းနှင့်ညီညွတ်ရေး ကွင်းဆင်းစစ်ဆေး

**မုဒုံ နိုဝင်ဘာ ၂၂**

မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဒုတိယဦးစီးဌာနမှူး ဦးဇော်မင်းဟန်၊ မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြင့်ဝင်း၊ မုဒုံမြို့နယ် ရဲတပ်ဖွဲ့ ဒုတိယမြို့နယ်မှူးနှင့် စခန်းမှူးတို့သည် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ မြို့နယ်အတွင်းရှိ ဗီဒီယိုခွေအငှားဆိုင်၊ ကာရာအိုကေဆိုင်နှင့် ဗီဒီယိုပြသရုံများကို သတ်မှတ်စည်းကမ်းနှင့် ညီညွတ်မှု ရှိမရှိ ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါအဖွဲ့သည် အငှားဆိုင်များနှင့် ပြသရုံများလိုက်နာရမည့် လုပ်ငန်းလိုင်စင်သက်တမ်းများ အချိန်မီဆောင်ရွက်ရေး၊ ဗီဒီယိုဥပဒေအရ လုပ်ထုံးလုပ်နည်း စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး ရှင်းလင်းပြောကြားခဲ့သည်။ **(၁၆၈)**

# မြန်မာ့အသံ

**၁–၁၂–၂၀၀၄ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁:၀၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ဝမ်းတွင်းမြို့က ရက်ကန်းစက်ရုံအကြောင်း)

၁၂:၀၀ မြန်မာ့အနုသဘင် (ဆရာကြီး ဦးဂုဏ်ဘဏ်)

၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (အရိုးကိုအရွက်မဖုံးဖို့ ကျွန်မတို့မှာတာဝန်ရှိတယ်–ဒေါက်တာမတင်ဝင်း)

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (အမျိုးသား ယဉ်ကျေးမှုနှင့် ရှေးဟောင်း ပစ္စည်းများ–ဦးမင်းနိုင်)

**ညနေပိုင်း**

၁၆:၁၀ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆွေးနွေးခန်း

၁၆:၃၀ ထီပေါက်စဉ်

၁၇:၀၀ ဇာတ်လမ်းပမာနားဆင်စရာ (မှားတဲ့အမွေ)

၁၇:၃၀ အစာနှင့် အာဟာရ(ဘောစကိုင်း)

၁၇:၄၅ သူ့လက်သံလက်စွမ်းပြ (မောင်ချမ်းသာ၏စောင်းလက်သံ)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ပရိတ်ကြီးပါဠိတော် (ဘဒ္ဒန္တသုမနာဝါရ အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မာစရိယမဟာဝိဇ္ဇာ) (၂)ရွှေတံငါနှင့် အခြားဝတ္ထုတိုများ(မင်းရိုးယဉ်)

၁၉:၁၅ အသံလွှင့်ဇာတ်လမ်း (အစသည အဆုံးနတ္ထိ)

၂၀:၀၀ မေတ္တာလက်ဆောင်ရတေးစီးရီး (တေးပုလဲ ကိုဘမြင့် တေးသံသွင်းမှ မေတ္တာလက်ဆောင် ပေးပို့သော ဇေယျာနိုင်၏ လွမ်းသင့်မှလွမ်း)

# ပန်းအလှပင် စုပေါင်းစိုက်ပျိုး

**မချမ်းဘော နိုဝင်ဘာ ၁၀**

မချမ်းဘောမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် အောက်တိုဘာ ၂၀ ရက်က မြို့တွင်းလမ်းဘေးဝဲယာတစ်လျှောက်တွင် ပန်းအလှပင်များနှင့် အရိပ်ရပင်များ စိုက်ပျိုးခြင်းကို အဖွဲ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းရဲဝင်းနိုင်က ကြီးကြပ် ဆောင်ရွက်သည်။

**(မြို့နယ်စည်ပင်)**



**နိုဝင်ဘာ၃ ရက်က ကြူကုတ် (ပန်ဆိုင်း)မြို့တွင် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်မှုကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့် ကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းက ရှင်းလင်းပြသစဉ်။** (မြို့နယ်စည်ပင်)

# နွားထိုးကြီးမြို့နယ် ကျန်းမာရေးကော်မတီစည်းဝေး

နွားထိုးကြီး နိုဝင်ဘာ ၁၆

**နွားထိုးကြီးမြို့နယ်ကျန်းမာရေးကော်မတီအစည်းအဝေး အမှတ်စဉ် (၁၀/၂၀၀၄)ကို နိုဝင်ဘာ ၃ရက် နံနက် ၁၁နာရီက မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။**

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေကအ မှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဦးခင်မောင်ကြီးကလစဉ်ကာကွယ်ရေး ဆေးထိုးနှံရေး စီမံချက်အသေးစိတ် ဆောင်ရွက်ချက်များ၊မိခင်နှင့်ကလေး ငယ်များ အစုလိုက်မေးခိုင်ကာကွယ် ဆေးထိုးနှံ ပေးခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲဆောင်ရွက်ရေးနှင့်စာသင်ကျောင်းများတွင် ကျန်းမာရေးစစ်ဆေးပြီးကုသမှုများ ကွင်းဆင်းဆောင်ရွက်ရေးရှင်းလင်းပြောကြားသည်။ (၂၁၃)

**နိုဝင်ဘာ၁၇ရက်က မြန်အောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးဌေးလှိုင်၊ ဒုတိယဦးစီးမှူး(ဈေး)ဒေါ်စန္ဒာထွန်းနှင့် မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့် စည်ပင်သာယာရေးအဖွဲ့က နေခြည်ဈေးကြီးတွင် အိုင်အိုဒင်းဆားအရည်အသွေး စစ်ဆေးကြစဉ်။**
(မြို့နယ်စည်ပင်)



အမှတ်(၂၁၈)၊၂၉လမ်း ပန်းဘဲတန်း မြို့နယ် ဦးကျော်စိန်-ဒေါ်အုံး မိသားစုက အလှူငွေ ကျပ်တစ်သိန်းကိုဗြဟ္မ ဝိဟာရပရိယတ္တိစာသင် တိုက် သုဒဿနလမ်း ၁၆/၂ သဃ်န်းကျွန်း မြို့နယ်ရှိ နာရေးကူညီမှု အသင်းသို့ လှူဒါန်းရာ ဒုတိယ ဥက္ကဋ္ဌ ဦးကျော် သူက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။
(က-ပ)



# ပရိယတ္တိအာဂုံစာပြန်ပွဲ အောင်လက်မှတ်နှင့် ဆုပေးအပ်ချီးမြှင့်

**အသုတ် နိုဝင်ဘာ ၁၅**

(၁၇)ကြိမ်မြောက် ပရိယတ္တိအာဂုံ စာပြန်ပွဲဆုနှင်းသဘင် အခမ်းအနားကို နိုဝင်ဘာ ၅ ရက်က အသုတ်မြို့နယ် ဓမ္မာရုံတွင် သာသနာ့ဝေပုလ္လ အဘိဓမ္မာ ပြန့်ပွားရေး အသင်းက ကျင်းပရာ အသုတ်မြို့၊ ကျုံပျော်မြို့၊ ကျောင်းကုန်းမြို့နယ်များမှ လာရောက်ဖြေဆိုကြသည့် သာမဏေ ၈၅ ပါး၊ သီလရှင် ၁၆ ပါးနှင့် လူငယ်မောင်မယ် ၈၃ ဦးတို့အား အာဂုံစာပြန်ပွဲဥက္ကဋ္ဌ ဘဒ္ဒန္တ သောပါကက အောင်လက်မှတ်များနှင့် ဆုများ ပေးအပ်ချီးမြှင့်သည်။ **(ဝ၆၈)**

# အင်းတော်မြို့နယ် ထွေ/အုပ် မိသားစုနေ့ကျင်းပ

**အင်းတော် နိုဝင်ဘာ ၁၅**

အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုနှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၇ရက် နံနက် ၉နာရီက အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးမှူး ဦးဆန်းမင်းက အမှာစကားပြောကြားပြီး မိသားစုအထိမ်းအမှတ်အဖြစ် ဗလာမပါ ကံစမ်းမဲဖောက်ပွဲကျင်းပသည်။ **(၁၃၃)**

# ပန်းအလှပင်များ ပျိုးထောင်စိုက်ပျိုး

**မိုးကောင်း နိုဝင်ဘာ ၁၅**

မြို့နယ်စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် အတွက် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် နိုဝင်ဘာ ၃ရက်က အဖွဲ့ပိုင်ပျိုးဥယျာဉ်များတွင် အရိပ်ရပင်နှင့် ပန်း အလှပင်များ ပျိုးထောင်ပြီး လမ်းမကြီးများ ဘေးဝဲယာနှင့် လမ်းဆုံလမ်းခွများ၌ စိုက်ပျိုးလျက်ရှိသည်။

အဆိုပါ ပျိုးဥယျာဉ်များ၌ အပင်များ ပျိုးထောင်ခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းနှင့် ရေလောင်းခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြောင်းသိရသည်။ **(၄၁၆)**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# အင်းမအထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**အင်းမ နိုဝင်ဘာ ၂၆**

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် သဲကုန်းမြို့နယ်အင်းမမြို့ အထကတွင် ၁၉၅၃ မှ ၂၀၀၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သည့် ဆရာ ဆရာမကြီးများအား တပည့်ကျောင်းသားကျောင်းသူဟောင်းများ၏ စုပေါင်းကန်တော့ပွဲကို (၁၃၆၆ ခုနှစ် နတ်တော်လဆန်း ၁၄ ရက်) ဒီဇင်ဘာ ၂၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အင်းမ အထက သီတဂူခန်းမဆောင်၌ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အာစရိယပူဇော်ပွဲ အတွက် ဦးသိန်းအောင် ဖုန်း-၀၅၃-၂၅၀၀၇ လိုင်းခွဲ ၇၉၊ ဦးမောင် ဝင်း ဖုန်း-၀၅၃-၂၅၀၀၇ လိုင်းခွဲ ၉၉၊ ဦးထွန်းဝင်း ဖုန်း-၀၅၃-၂၅၀၀၇ လိုင်းခွဲ- ၂၃၊ ဒေါ်တင်တင်ဝင်း ဖုန်း-၇၀၀၇၃၃၊ ၂၉၂၁၁၂၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၅၃၄၈၉၅ နှင့် ဦးကျော်ကျော်ဦး ဖုန်း-၅၀၀ ၈၇၈၁၊ ၂၅၁၄၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**လားရှိုးမြို့နယ်မတ်ချီးနု-တာပုံကျေးလက်မြေသား လမ်းအား ကျောက်ချော လမ်းအဖြစ် အဆင့်မြှင့်တင်ရန် မြေသားပြုပြင် ဆောင်ရွက်မှုကို နိုဝင်ဘာ ၁၂ ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦး မျိုး နိုင်အောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဌေးဝင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။**
(မြို့နယ်စည်ပင်)



**ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကမြို့တွင်းလမ်းများနှင့် မြို့ပြင် အဝေးပြေး လမ်းမဘေးဝဲယာတစ်လျှောက်တွင်အဖွဲ့အမှုဆောင်အရာရှိဦးဌေးဝင်း ဦးဆောင်သောအဖွဲ့က မြို့ဦးထိပ် ပန်းသီတာပန်းခြံအတွင်း ပန်းအလှပင် ပျိုးထောင်မှုလုပ်ငန်းဆောင်ရွက်စဉ်။** (ဝ၆၁)

**ပင်လုံဒေသစည်ပင်သာယာရေး အဖွဲ့ကဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင် ရွက်လျက်ရှိသည့်မွေတော်လမ်း ကတ္တရာ ခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၅ ရက်ကမြို့နယ် တာဝန်ခံဦးစီးအရာရှိဦးသစ်ထူးမြင့်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂)ဦးမောင်မောင်ကျော်တို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။**
(မြို့နယ် ပြန်/ဆက်)




## e- Education Learning Centre

## သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

## မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

**၁-၁၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)**
- ❑ What is Resources?
  - မဟာဝိဇ္ဇာ၊ မဟာအရည်အချင်းစစ် ဂုဏ်ထူးတန်းများ (ဝိဇ္ဇာဘာသာရပ်အားလုံး)
- ❑ The Role of Psychology in Regional Development
  - စိတ်ပညာအထူးပြု အဝေးသင်နေ့ကျောင်းသား၊ကျောင်းသူများ၊ အများပြည်သူများ
- ❑ Methods of Integration
  - ပထမနှစ်သိပ္ပံနေ့ ကျောင်းသား၊ကျောင်းသူများ

**၂-၁၂-၂၀၀၄ (ကြာသပတေးနေ့)**
- ❑ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဥပဒေနှင့် နိုင်ငံတော်၏လက်တွေ့ဆောင်ရွက်ချက်များ၊အများပြည်သူများ
- ❑ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ကုမ္ပဏီများဖွဲ့စည်းခြင်း
  - အဝေးသင်တက္ကသိုလ် တတိယနှစ်ဥပဒေအထူးပြုကျောင်းသား၊ ကျောင်းသူများ၊ လျှပ်စီး၊ဗို့အားနှင့်ဓာတ်လိုက်ခြင်း၊
  - ပထမနှစ်ရူပဗေဒအထူးပြု အဝေးသင်/နေ့ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများ

**၃-၁၂-၂၀၀၄ (သောကြာနေ့)**
- ❑ အမျိုးနှင့် အမျိုးစောင့်တရား
  - ပထမနှစ်အထူးပြုအားလုံး နေ့ကျောင်းသား၊ကျောင်းသူများ၊
- ❑ ပုဂံခေတ်လူ့အဖွဲ့အစည်း
  - တတိယနှစ် မြန်မာစာအထူးပြုကျောင်းသား၊ကျောင်းသူများ
- ❑ Translation Studies
  - မဟာဝိဇ္ဇာအရည်အချင်းစစ် အင်္ဂလိပ်စာအထူးပြု
- ❑ Phycholinguistics
  - ဒုတိယနှစ် မဟာဝိဇ္ဇာ အင်္ဂလိပ်စာအထူးပြု

**နံနက် ၉နာရီမှ ညနေ ၄နာရီအထိ**

**၄-၁၂-၂၀၀၄ (စနေနေ့)**
- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ကျောင်းသူများအတွက် သင်ခန်းစာများ

**၅-၁၂-၂၀၀၄ (တနင်္ဂနွေနေ့)**
- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ မြို့တော်စည်ပင်အသင်း နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရဗိုလ်စွဲ

**ရန်ကုန် နိုဝင်ဘာ ၂၉**

၂၀၀၄ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် မြို့တော်စည်ပင်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့သည် ယနေ့ညနေ ၃ နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းတွင်ယှဉ်ပြိုင်ကစားကြရာ မြို့တော်စည်ပင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရဗိုလ်စွဲသွားသည်။

မြို့တော်စည်ပင်အသင်းသည် ယနေ့ပွဲတွင် အချိတ်အဆက်မိမိ၊ ကစားကွက်မိမိဖြင့် စီးပွား/ကူးသန်းဘက်သို့ ထိုးဖောက် ကစားသွားသည်။ မြို့တော်စည်ပင်အသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းကတည်းက သွင်းယူခဲ့ပြီး စီးပွား/ကူးသန်းအတွက် တစ်လုံးတည်းသောချေပဂိုးကို ဒုတိယပိုင်း၌ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြို့တော်စည်ပင်အသင်းအတွက် အနိုင်ဂိုးများကို ၂၃ မိနစ်တွင် အောင်ဇော်မျိုးက ပထမဂိုးကိုလည်းကောင်း၊ ၄၄ မိနစ်တွင် အသင်းခေါင်းဆောင် မောင်မောင်ဌေးက ဒုတိယဂိုးကိုလည်းကောင်း သွင်းယူခဲ့ပြီး စီးပွား/ကူးသန်းအတွက် ချေပဂိုး တစ်ဂိုးကို ရာဇာဝင်းသိန်းက ၅၅ မိနစ်တွင် သွင်းယူခဲ့သည်။ မြို့တော်စည်ပင်အသင်းသည် အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားကို ပထမအကြိမ်၌ ဆွတ်ခူးရရှိဖူးပြီး ယခု စတုတ္ထအကြိမ်အဖြစ် ထပ်မံဆွတ်ခူးခြင်းဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၃ ●

## ဆုဖလားချီးမြှင့်

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ပထမဆုရ မြို့တော်စည်ပင်အသင်းအား ပထမဆုဖလားကြီး ပေးအပ်ချီးမြှင့်စဉ်။**

(မြန်မာ့အလင်း)



**မန္တလေးတိုင်း ညောင်ဦးမြို့နယ် အုန်းနှဲချောင်း ကျေးရွာအနီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တာဝန်ယူ တည်ဆောက်သည့် ငါ့သရောက် လျှပ်စစ်မြစ်ရေတင် စီမံကိန်းမြင်ကွင်းကို နိုဝင်ဘာ ၂၂ ရက်က ဤသို့တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

# ငါ့သရောက်လျှပ်စစ်မြစ်ရေတင်စီမံကိန်း လျှပ်စစ်ဓာတ်အားဖြင့် ဧက ၈၇၀၀ ရေပေးဝေနိုင်

ကွင်းဆင်းလေ့လာရေးသားသူ-ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)





**ရန်ကုန် နိုဝင်ဘာ ၂၉**

ပြည်ထောင်စုမြန်မာနိုင်ငံတွင် စိုက်ပျိုးရေဖူလုံစွာရရှိရေးအတွက် နည်းလမ်းခြောက်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယင်းတို့မှာ (၁) ဆည်မြောင်းတာတမံများတည်ဆောက်ခြင်း၊ (၂) ရေဝေရေလဲဧရိယာတွင် စီးဝင်ရေများအား အပြည့်အဝသိုလှောင်အသုံးချ၍ စီမံဆောင်ရွက်ခြင်း၊ (၃) တည်ဆောက်ပြီး ဆည်မြောင်းတာတမံများ၊ တာတမံအသစ်များမှ ဆည်ရေကိုထိရောက်စွာပေးသွင်းနိုင်ရန်နှင့် ရေပိုမိုရရှိရန်ပြုပြင်ခြင်း၊ (၄) မြစ်ချောင်းများမှ ရေလျှံချိန်တွင်း အင်းအိုင်/ချိုင့်ဝှမ်းများအတွင်းသို့ ရေသွင်းသိုလှောင်ထားရှိခြင်း၊ (၅) မြစ်ချောင်းများမှရေကို ရေစုပ်စက်ဖြင့် စုပ်တင်ခြင်းနှင့် (၆) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းတို့ဖြင့် စီမံကိန်းများ ရေးဆွဲချမှတ် ဆောင်ရွက်လျက်ရှိသည်။

## ငါ့သရောက်လျှပ်စစ်မြစ်ရေတင်

ထိုသို့ ရေဖူလုံစွာရရှိရေးအတွက် စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ မန္တလေးတိုင်း၊ ညောင်ဦးခရိုင်

စာမျက်နှာ ၉ ကော်လံ ၃ ✻

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား



### ရေခဲရုပ်တုပွဲတော်

ရေခဲများဖြင့် ရုပ်တုကြီးတစ်ခု ပြုလုပ်နေသော ပြိုင်ပွဲဝင်တစ်ဦးကို တွေ့ရစဉ်။ **(ယာပုံ)**

ဂျာမနီနိုင်ငံ မြောက်ပိုင်း လွီဘက်မြို့တွင်ကျင်းပမည့် ကမ္ဘာ့ရေခဲရုပ်တုပွဲတော်ကြီးတွင် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ပြိုင်ပွဲဝင် ၃၀ ခန့်တို့က ပါဝင်ယှဉ်ပြိုင်ဆင်နွှဲမည်ဖြစ်သည်။ ၎င်းရေခဲရုပ်တုပွဲတော်ကို ဒီဇင်ဘာ ၁၅ ရက်မှ ဇန်နဝါရီ ၂၃ ရက်အထိ ကျင်းပရန်စီစဉ်ထားသည်။ **(အေပီ)**

### ရှေးဟောင်းဂရိကျောက်စာချပ်

ဂရိရှေးဟောင်းသုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သော ရှေးဟောင်း ဂရိကျောက်စာချပ်တစ်ခုကိုတွေ့ရစဉ်။ **(အောက်ပုံ)**

အဆိုပါ ရှေးဟောင်းဂရိကျောက်စာချပ်ကို ဂရိနိုင်ငံမြောက်ပိုင်း ကျေးရွာတစ်ရွာ အနီးတွင် ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်ပြီး ယခုအခါ ဂရိနိုင်ငံ အေသင်မြို့ရှိ ရှေးဟောင်းပစ္စည်းများပြတိုက်တစ်ခု၌ သိမ်းဆည်း ထားရှိသည်။



**(အေအက်ဖ်ပီ)**

## ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

**နိုဝင်ဘာ ၂၇ ရက်က ကွမ်းခြံကုန်းမြို့နယ်တွင် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေ ကျပ် ၄၇ ဒသမ ၅ သိန်း အကုန်အကျခံပြီး အရှည် ၇၄၅ ပေ၊ အကျယ် ၁၀ ပေရှိ လျှပ်စစ်ရုံးလမ်း ကတ္တရာခင်းလုပ်ငန်းဆောင်ရွက်နေမှုကို စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ လုပ်ငန်းများအရည်အသွေးပြည့်မီပြီး အချိန်မီ ပြီးစီးရေး ကြည့်ရှုစစ်ဆေးစဉ်။**

(နယ်စပ်/စည်ပင်)



# ကျေးလက်ပြည်သူများဗဟုသုတတိုးပွားရေး ပေါင်မြို့နယ်၌ကျေးရွာစာကြည့်တိုက်ဖွင့်

**ပေါင် နိုဝင်ဘာ ၂၉**

ကျေးလက်ပြည်သူများ ဗဟုသုတ တိုးပွားရရှိစေရေး ရည်ရွယ်လျက် ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကြိုးပမ်းချက်ဖြင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိရာ နိုဝင်ဘာ ၆ ရက်က ဝဲပတန်ကျေးရွာ ပညာတန်ဆောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို စာကြည့်တိုက်ရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်စန်းစန်းမြင့်၊ ကျေးရွာဥက္ကဋ္ဌ ဦးအုန်းစိန်နှင့် ကျေးရွာပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးချစ်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လှူဒါန်းသော မဂ္ဂဇင်းစာအုပ် ၅၀ ကို ပြန်/ဆက်ဦးစီးမှူးကပေးအပ်ရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။

**(မြို့နယ်ပြန်/ဆက်)**